ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်၊ ကြာသပတေးနေ့၊ (18-12-2008) (၅၉၉၆)

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

## ကာတာနိုင်ငံ အကြီးအကဲထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၁၈

**၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ကျရောက်သော ကာတာနိုင်ငံ၏ လွတ်လပ်ရေးနေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကာတာနိုင်ငံ အကြီးအကဲ ရှိတ် ဟာမတ် ဘင် ခါလီဖာ အယ်(လ်)သာနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။** (သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

## ကာတာနိုင်ငံဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၁၈

**၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ကျရောက်သော ကာတာနိုင်ငံ၏ လွတ်လပ်ရေးနေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ကာတာနိုင်ငံ ဝန်ကြီးချုပ် ရှိတ် ဟာမတ် ဘင် ယာဆင် ဘင် ဂျာဘီ အယ်(လ်)သာနီ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။** (သတင်းစဉ်)

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး





# မြစ်သာ ရေလှောင်တမံနှင့် မဏိပူရ ရေလှောင်တမံစီမံကိန်းများ

## တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဝန်ကြီးများ ကြည့်ရှုစစ်ဆေး

**စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းတို့ မဏိပူရ ရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် ကြည့်ရှုစစ်ဆေးကြစဉ်။**
(သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၁၇

**စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းတို့သည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် မကွေးတိုင်း ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် ပြင်သာကျေးရွာအနီး၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈)က တည်ဆောက်လျက်ရှိသော မြစ်သာရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြသည်။**

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်းက မြစ်သာရေလှောင်တမံစီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက စီမံကိန်းအတွင်းရှိ ဒေသဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးများသည် စီမံကိန်းလုပ်ငန်းခွင်အတွင်း ပင်မတမံ မြေဖို့ခြင်းလုပ်ငန်း၊ ကုန်းကျောတမံ ကျောက်စီခြင်းလုပ်ငန်းနှင့် ရေပိုလွှဲတည်ဆောက်မည့် နေရာတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

မြစ်သာရေလှောင်တမံကို မြစ်သာမြစ်ပေါ်၌ တည်ဆောက်နေခြင်းဖြစ်သည်။ မြေသားတမံ အမျိုးအစားဖြစ်ပြီး အမြင့် ၂၀၅ ပေ၊ ပင်မတမံနှင့် ကုန်းကျောတမံ စုစုပေါင်း တမံအလျားပေ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**

ယနေ့ ကြေးမုံ The Mirror ဆောင်းပါးအညွှန်း

မြန်မာနိုင်ငံအနေနဲ့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ စားဝတ်နေရေးအတွက် မိမိဘာသာ ရပ်တည်နိုင်တဲ့ အခြေအနေရှိပြီး စိုက်ပျိုးရေးကိုအခြေခံတဲ့ စီးပွားရေးဖြစ်တာမို့ ပြည်ပမှ သွင်းအားစု လိုအပ်ချက် အနည်းအကျဉ်းရှိတာကလွဲပြီး ပြည်ပကို မှီခိုရခြင်းမရှိတဲ့အတွက် နိုင်ငံခြားငွေလိုအပ်ချက် ကြီးကြီးမားမား မရှိလှပါဘူး။ ဒါကြောင့် ဘယ်လိုပဲဖြစ်ဖြစ် မြန်မာနိုင်ငံအနေနဲ့ များများစားစား စီးပွားရေး ထိခိုက်မှုမရှိနိုင်ကြောင်း သုံးသပ်ယူဆနိုင်ပါတယ်။

**ကျော်ရဲမင်း၏ (ဆောင်းပါး)** **စာမျက်နှာ-၆၊၇**

**အတည်ပြုချိန် ၂း၁၀**

ကြေးမုံ The Mirror
၁၈-၁၂-၂၀၀၈
(ကြာသပတေးနေ့)

## အရည်အသွေးကောင်း အထွက်တိုးမျိုးစပါးများစိုက်ပျိုး ခေတ်မီလယ်ယာစိုက်ပျိုးရေး အောင်မြင်အောင်ကြိုးပမ်း

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် အချိုးအစားကြီးမားစွာ ပါဝင်လျက်ရှိရာ နိုင်ငံတော်အစိုးရက လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်မြင့်မားစေရန် အစီအမံများ ချမှတ်ဖော်ဆောင်လျက်ရှိသည်။ မြေယာသစ်များဖော်ထုတ်ရေး၊ စိုက်ပျိုးရေ လုံလောက်စွာရရှိရေး၊ အထွက်နှုန်းတိုးရေး၊ ထွက်ကုန်အရည်အသွေး မြင့်မားရေးတို့အတွက် ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။

ယခုအခါ မြေလွတ်မြေလပ်များစွာရှိသည့် ရန်ကုန်တိုင်း ဒဂုံမြို့သစ်ဒေသ၌ ဒေသခံ တောင်သူလယ်သမားများနှင့် လုပ်ငန်းရှင်များ ပူးပေါင်း၍ စိုက်ပျိုးရေးအထူးဇုန်များ ဖော်ထုတ်ပြီး ခေတ်မီလယ်ယာစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ရန် ကြိုးပမ်းနေသည်။ အဆိုပါဒေသတွင် မြေယာကွက်များဖော်ထုတ်ခြင်း၊ ရေပေးမြောင်း၊ ရေထုတ်မြောင်းများ တူးဖော်ခြင်း၊ လယ်မြေများ ပြုပြင်ခြင်းလုပ်ငန်းများကို စက်ယန္တရားကြီးများ အသုံးပြုဆောင်ရွက်လျက်ရှိသည်။

ဒေသတစ်ခုချင်းအနေဖြင့်ကြည့်ပါက စိုက်ပျိုးရေးလုပ်ငန်းသည် စားနပ်ရိက္ခာ ဖူလုံပြည့်စုံရေးအတွက်သာမက ဒေသခံတောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးကိုပါ အထောက်အကူပြုနေသည်။ တောင်သူလယ်သမားများအနေဖြင့် မြေလွတ်မြေရိုင်းများ တိုးချဲ့ဖော်ထုတ်ခြင်း၊ အရည်အသွေးကောင်း အထွက်တိုးစပါးမျိုးများ ပြောင်းလဲစိုက်ပျိုးခြင်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ အသုံးပြုခြင်းတို့ဖြင့် အကျိုးကျေးဇူး ပိုမိုရရှိကြမည်ဖြစ်သည်။

နိုင်ငံတော်က လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေရရှိရေး၊ သီးနှံလေလွင့် ပျက်စီးဆုံးရှုံးမှု နည်းပါးရေး၊ လယ်ယာသုံး စက်ကိရိယာများ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလာရေး အပါအဝင် စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များကို ပံ့ပိုးကူညီနေသည်။ ဆန်စပါးထုတ်လုပ်မှုမှာ နိုင်ငံလူဦးရေနှင့် စားသုံးမှုအခြေအနေအရ ဖူလုံပိုလျှံနေသော်လည်း အခြားသော ဆန်စပါးထွက်ရှိတင်ပို့မှု အားကောင်းသည့် နိုင်ငံများကဲ့သို့ တိုးတက်ထုတ်လုပ်နိုင်ရေး ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်သည်။

ဆန်စပါးကိုသာမက ပြည်ပဈေးကွက်ရှိသည့် ပဲ၊ ပြောင်း၊ နှမ်းစသည့် သီးနှံတို့ကိုပါ ထုတ်လုပ်တင်ပို့ ရောင်းချနိုင်ရေး အလေးထားလုပ်ကိုင်သွားကြရမည်ဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် ဒေသခံ တောင်သူလယ်သမားများအနေဖြင့် နိုင်ငံတော်၏ စိုက်ပျိုးရေးဆိုင်ရာ အားပေးကူညီမှုများနှင့်အတူ အရည်အသွေးကောင်း အထွက်နှုန်းတိုးသီးနှံမျိုးများ ပြောင်းလဲစိုက်ပျိုးခြင်း၊ ခေတ်မီ စိုက်ပျိုးရေးနည်းပညာများ ပေါင်းစပ်ဆောင်ရွက်ခြင်းတို့ဖြင့် နိုင်ငံ့စီးပွား ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။ ။

## ပဲခူးမြို့ အထက(၄) အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ပဲခူးမြို့ အထက(၄) (၁၉၇၇ ခုနှစ်မတိုင်မီနှင့် ယခင်ဘီဘီအမ်) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တွေ့ဆုံပွဲကို ဒီဇင်ဘာ ၂၈ရက် နံနက် ၉ နာရီတွင် ပဲခူးမြို့ ဗန္ဓုလလမ်းရှိ အလက(၆) သီရိရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေပါဝင်လိုသူများသည် ဆရာဦးထွန်းမြင့်၊ ဆရာမ ဒေါ်ကျင်ဌေး ဖုန်း-၀၅၂-၂၄၄၁၀၊ ဦးစိန်ဝင်း ဘူတာရှေ့ ဖုန်း-၀၅၂-၂၂၀၅၉၊ ဦးစိုးကြင် ဖုန်း-၀၁-၃၈၃၃၉၆၊ ၀၉-၅၀၁၁၂၃၃၊ ဦးယဉ်ထွေးသက် ဖုန်း-၀၉-၅၀၁၂၉၄၄ နှင့် ဒေါ်ထားထားဆွေ ဖုန်း-၀၁-၃၇၁၆၉၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (၁၃၂)

**စောင်းအတီးပြိုင်ပွဲ ရွှေတံဆိပ်သုံးဆုရ နန်းသီရိခင်ခင်နှင့် စာရေးဆရာမ တေးသံရှင် မေအောင်လင်းတို့အား မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အလုပ်အမှုဆောင် ဦးခင်ဆွေ(ရွှေစွန်ညို) ဆုချီးမြှင့်စဉ်။**
(မြို့နယ်စာပေစာနယ်ဇင်း)




## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မြန်မာ့အထည်အလိပ်လုပ်ငန်းစက်ရုံများ ဝန်ကြီး ဦးအောင်သောင်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၇**

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် မြန်မာ့အထည်အလိပ် လုပ်ငန်း အထည်ချုပ်စက်ရုံ (ပခုက္ကူ)ကို ကြည့်ရှုစစ်ဆေးပြီး ပင်မစက်ရုံဝင်းရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာနက ပြုပြင် တည်ဆောက်ပေးထားသော မြေသား ကန်ပေါင်နှင့် ရေကန်အတွင်း ရေဝင်ရောက်မှုအခြေအနေကိုလည်းကောင်း၊ ပခုက္ကူမြို့ဝင်းသူဇာ ကိုယ်စားလှယ် အရောင်းဆိုင်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်နှင့် အထည်စက်ရုံ(ပခုက္ကူ) ဝင်းအတွင်း စိုက်ပျိုးဖြစ်ထွန်း အောင်မြင်လျက်ရှိသော ငွေချည်(၆) ချည်မျှင်ရှည်ဝါ ၁၉၂ ဧက စိုက်ခင်းနှင့် ဆေးဆိုးပန်းရိုက်စက်ရုံ(ပခုက္ကူ)တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)



**အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ချည်မျှင်နှင့် အထည်စက်ရုံ(ပခုက္ကူ)တွင် ကြည့်ရှုစစ်ဆေးစဉ်။**
(စက်မှု-၁)

## စတုတ္ထအကြိမ် မှတ်သုံဖိုရမ်(၂၀၀၈) ဖွင့်ပွဲအခမ်းအနား ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် တက်ရောက် အမှာစကားပြောကြား

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနနှင့် အာရှဒေသ သဘာဝဘေးကြိုတင်ကာကွယ်ရေး ဗဟိုဌာနတို့ ပူးပေါင်း၍ စတုတ္ထအကြိမ် မှတ်သုံဖိုရမ်(၂၀၀၈) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဘက်စုံသုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် အဖွင့်အမှာစကား ပြောကြားပြီး အာရှဒေသ သဘာဝဘေးကြိုတင်ကာကွယ်ရေးဗဟိုဌာနမှ ညွှန်ကြားရေးမှူး Mr.A.R. Subbiah နှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားဇလဗေဒနှင့် မိုးလေဝသဌာနမှ ညွှန်ကြားရေးမှူး Dr. Nguyen Dai Khanh တို့က အမှာစကားပြောကြားကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နံနက် ၁၀ နာရီတွင် စတုတ္ထအကြိမ် မှတ်သုံဖိုရမ် (၂၀၀၈)ကို စတင်ကျင်းပရာ သဘာပတိအဖြစ် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းလွင်က ဆောင်ရွက်၍ တက်ရောက်လာကြသူများက မြန်မာနိုင်ငံ၌ မိုးလေဝသနှင့် ရာသီဥတုခန့်မှန်းခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုအဆင့်ဆင့်နှင့် ခန့်မှန်းရေးဆိုင်ရာ အသုံးအနှုန်းများနှင့် မသေချာမှုဖြစ်စေသော အကြောင်းအရင်းများကို တင်ပြခြင်း၊ ပြီးခဲ့သည့် ၂၀၀၈ ခုနှစ် မုတ်သုံကာလအတွင်း မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက် အခြေအနေများကို ဆန်းစစ်ခြင်း၊ ၂၀၀၉ ခုနှစ် ဆောင်းကာလအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်များ ထုတ်ပြန်ခြင်း၊ မုတ်သုံကာလ ခန့်မှန်းချက်များအပေါ် ဌာနများက လုပ်ငန်းများအလိုက် အရေးယူဆောင်ရွက်ခဲ့မှုများ၊ ၂၀၀၉ ခုနှစ်အတွက် ထုတ်ပြန်မည့် မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်များအပေါ် အရေးယူဆောင်ရွက်မည့် အစီအစဉ်များကို တင်ပြဆွေးနွေးခြင်း၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ မုန်တိုင်းခန့်မှန်းခြင်းနှင့် သတိပေးချက် ထုတ်ပြန်မှုနည်းစနစ်များ ရှင်းလင်းခြင်း၊ ရာသီအလိုက် ခန့်မှန်းချက်များ၊ ထုတ်ပြန်မှုအခြေအနေများ တင်ပြခြင်းတို့ကို ဆွေးနွေးကြပြီး ညနေပိုင်းတွင် စတုတ္ထအကြိမ် မှတ်သုံဖိုရမ် (၂၀၀၈)ကို ရပ်နားလိုက်သည်။

အဆိုပါ မှတ်သုံဖိုရမ်ကို ၂၀၀၇ ခုနှစ်မှစတင်၍ တစ်နှစ်လျှင် နှစ်ကြိမ် ကျင်းပခဲ့ရာ ယခုအကြိမ်သည် စတုတ္ထအကြိမ်ဖြစ်သည်။ စတုတ္ထအကြိမ် မှတ်သုံဖိုရမ်(၂၀၀၈)ကို ဒီဇင်ဘာ ၁၇ ရက်ထိ ကျင်းပခဲ့သည်။
(သတင်းစဉ်)

**ပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင် စတုတ္ထအကြိမ် မှတ်သုံဖိုရမ်(၂၀၀၈) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။**
(သတင်းစဉ်)





## ဒလမြို့နယ် စာပေစာနယ်ဇင်း တတိယအကြိမ် ဆုပေးပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ဒလမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသည့် တတိယအကြိမ်မြောက် စာစီစာကုံးပြိုင်ပွဲ (ထက်၊ လယ်၊ မူ)ဆုရ ကျောင်းသား၊ ကျောင်းသူများ၊ မြန်မာစာဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ၊ ဂုဏ်ထူးရရှိအောင် သင်ကြားပြသသည့် ဆရာ၊ ဆရာမများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲနှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်း နှစ်ပတ်လည်အစည်းအဝေးကို ဒီဇင်ဘာ ၇ရက် နံနက် ၉နာရီက အထက(၁) ယုဇနခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲတွင် စောင်းရွှေတံဆိပ်သုံးဆုရ နန်းသီရိခင်ခင်နှင့် စာရေးဆရာမ တေးသံရှင် မေအောင်လင်း ခေါင်းဆောင်သော အရိုင်းစံပယ် တေးဂီတအဖွဲ့က ဖျော်ဖြေခဲ့သည်။ ယင်းနောက် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အလုပ်အမှုဆောင် ဦးခင်ဆွေ(ရွှေစွန်ညို)က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းအခမ်းအနားကို အဓိက ပံ့ပိုးကူညီသူမှာ ရွှေအင်းသား ခင်မောင်ဝင်းမိသားစုဖြစ်ပြီး လာဘ်မိုးစွေ စာပေတိုက်ထုတ် မဂ္ဂဇင်းများ၊ အင်အားမီဒီယာဂရု(ပ်)မှ ဂျာနယ်များ၊ ရန်ကုန်တိုင်းမ်နှင့် ဖလားဝါးနယူးစ်ဂျာနယ်များ၊ လျှပ်တစ်ပြက်ဂျာနယ်များကို တက်ရောက်လာသူများအား လက်ဆောင်အဖြစ် ပေးအပ်ကြောင်း သိရသည်။ (မြို့နယ်စာနယ်ဇင်း)

# နိုင်ငံတော်က အကောင်အထည်ဖော်လျက်ရှိသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပြည်သူအားလုံးက ကျရာအခန်းကဏ္ဍက အင်တိုက်အားတိုက် ပူးပေါင်းပါဝင်

နေပြည်တော် ဒီဇင်ဘာ ၁၇

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဒီဇင်ဘာ ၁၅ ရက် နံနက် ၈ နာရီတွင် စစ်ကိုင်းတိုင်း ပုလဲမြို့နယ် အင်မထီးကျေးရွာသို့ရောက်ရှိပြီး အင်မထီးကျေးရွာ၊ ကိုင်းတွင်းကျေးရွာ၊ အင်းကန်ကျေးရွာ၊ လုပ်သားကျေးရွာ၊ ဦးနှောက်ကျေးရွာ၊ သာယာကုန်းကျေးရွာနှင့် တလိုင်းကန်ကျေးရွာ ကျေးရွာခုနစ်ရွာတို့မှ ဒေသခံပြည်သူ ၂၆၀၀ ကျော်နှင့် တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးသည်။**

ရှေးဦးစွာ ဒေသခံတာဝန်ရှိသူများက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားရေး ပိုမိုအဆင်ပြေစေမှုအတွက် လိုအပ်သည့်စာသင်ဆောင်များပြုပြင်ရေး၊ ဆရာဆရာမများ လိုအပ်မှုမရှိစေရေး၊ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းများတွင် လူနာများ ပိုမိုသက်သောင့်သက်သာဖြင့် ပြုစုကုသပေးနိုင်ရေး၊ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ရန်အတွက် လိုအပ်သည့်ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ရေး၊ ကျေးရွာသောက်သုံးရေ ဖူလုံရေးအတွက် ရေသိုလှောင်စနစ်နှင့် ဖြန့်ဝေမှုစနစ် ညှိနှိုင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး လိုအပ်ချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ဝန်ကြီးကကျေးလက်နေပြည်သူများ စာပေဗဟုသုတဖတ်ရှုလေ့လာသည့် အလေ့အကျင့်များ ပိုမိုရင့်ကျက်တိုးပွားလာအောင် ထူထောင်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးသည် အခြေခံကျသည့် လုပ်ငန်းဖြစ်သဖြင့် ဒေသခံပြည်သူများကပါ ဝိုင်းဝန်းပါဝင်မြှင့်တင်ကြရေး၊ ပြည်သူများ ကျန်းမာရေးအသိပညာ ပိုမိုတိုးတက်ပြီး နေထိုင်မှုဘဝတွင် ကျန်းမာရေးနှင့် လျော်ညီအောင် လိုအပ်သည်များ ပြုပြင်နေထိုင်သွားရေး၊ ကျေးလက်စီးပွားရေးတွင် မွေးမြူရေးနှင့်စိုက်ပျိုးရေးကို တွဲဖက်သည့်စနစ်ကို တိုးမြှင့်ဆောင်ရွက်ရေး၊ ဇီဝလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစနစ်ကို တစ်မိသားစုချင်းသော်လည်းကောင်း၊ ကျေးရွာအလိုက်သော်လည်းကောင်း ကျေးလက်နေပြည်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက် အသုံးပြုနိုင်ရေး၊ နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များတွင် ပြည်သူအားလုံးက ကျရာအခန်းကဏ္ဍကအင်တိုက်အားတိုက်ပူးပေါင်းပါဝင်ရေးတို့ကိုဆွေးနွေးမှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် အင်မထီးကျေးရွာ အခြေခံပညာ မူလတန်းကျောင်းဆောင်ပြုပြင်ရန်ငွေကျပ်နှစ်သိန်း၊ အင်းကန်ကျေးရွာ အခြေခံပညာမူလတန်း ကျောင်းဆောင်သစ်၊ လုပ်သားကျေးရွာ စာကြည့်တိုက်နှင့် သာယာကုန်းကျေးရွာစာကြည့်တိုက်တို့အတွက် ငွေကျပ်တစ်သိန်းစီ စုစုပေါင်းလှူဒါန်းငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ ဒေသခံပြည်သူများအတွက် အဝတ်အထည်များ၊ မီးဖိုချောင်သုံး ပစ္စည်းများကို လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှူးဒေါ်ကြည်ကြည်ဝင်းက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက လှူဒါန်းသော စာအုပ်၊ စာစောင်များကို အင်မထီးကျေးရွာ စာကြည့်တိုက်၊ အင်းကန်ကျေးရွာ စာကြည့်တိုက်၊ ကိုင်းတွင်းကျေးရွာ စာကြည့်တိုက်တို့အတွက်လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဒေသခံတာဝန်ရှိသူများကလက်ခံရယူကြပြီး ဝန်ကြီးသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဝန်ကြီးသည် မင်းတိုင်ပင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်ပြီး ဆေးပေးခန်း ငွေပဒေသာပင် စိုက်ထူထားရှိမှုနှင့် လူနာများအား ဆေးကုသဆောင်ရွက်ပေးနေမှုအခြေအနေများကိုကြည့်ရှု၍ ကျန်းမာရေးဝန်ထမ်းများအား အားပေးစကားပြောကြားကာ လိုအပ်ချက်များကိုဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ကြည့်ရှုစစ်ဆေး

**ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မင်းတိုင်ပင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)







**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုလဲမြို့နယ် အင်မထီးကျေးရွာ၌ ကျေးရွာ ခုနစ်ရွာတို့မှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

## သတိပေး နှိုးဆော်ချက်

ရန်ကုန်မြို့အတွင်း သွားလာလျက်ရှိသည့် မော်တော်ယာဉ်များတွင် ကုမ္ပဏီများမှ တင်သွင်းလာသည့် ယာဉ်များ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ဝယ်ယူထားသည့်ယာဉ်များနှင့် လေလံဝယ်ယူထားသည့် ယာဉ်များသည် Lot နံပါတ်များ၊ အခြားနံပါတ်များ တပ်ဆင်မောင်းနှင်သွားလာလျက်ရှိကြောင်းတွေ့ရှိရပါသည်။ စက်မှုဇုန်ထုတ် ယာဉ်များမှာလည်း သတ်မှတ်ပေးထားသည့် သက်တမ်းအတွင်း၌သာ ယာယီနံပါတ် တပ်ဆင်မောင်းနှင်ခွင့်ပြုထားသော်လည်း အချို့မှာ သက်တမ်းကျော်လွန်မောင်းနှင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထိုသို့ သတ်မှတ်ချက်မရှိသည့် နံပါတ်များ တပ်ဆင်မောင်းနှင်သွားလာကြောင်း စစ်ဆေးတွေ့ရှိပါက ယာဉ်ပိုင်ရှင်နှင့် ယာဉ်အား ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## နှင်းဆီကုန်းဘိုးဘွားရိပ်သာ စာအုပ်ဈေးရောင်းပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

နှင်းဆီကုန်းဘိုးဘွားရိပ်သာစိန်ရတုအထိမ်းအမှတ် စာအုပ်ဈေးရောင်းပွဲကို ဒီဇင်ဘာ၁၂ရက်မှ ၁၈ရက်အထိ ဘိုးဘွားရိပ်သာဝင်းအတွင်း စာအုပ်အရောင်းဆိုင်များတွင် ဆက်လက်ခင်းကျင်းပြသရောင်းချလျက်ရှိသည်။

သုတ၊ ရသစာအုပ်များ၊ ဂန္ထဝင်စာအုပ်များ၊ရှားပါးစာအုပ်များရောင်းချကြသည့်စာအုပ်ဆိုင်များသည်စာပေတိုက်အသီးသီးမှထုတ်ဝေသည့် စာအုပ်များကို၁၀ရာခိုင်နှုန်း၊၂၀ရာခိုင်နှုန်း လျှော့ဈေးဖြင့်ရောင်းချလျက်ရှိရာ ပြည်နယ်၊ တိုင်း အသီးသီးမှ ကျေးရွာစာကြည့်တိုက်များ၊ ဌာနဆိုင်ရာစာကြည့်တိုက်များကလည်း ဝယ်ယူအားပေးလျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

## ၂၀၀၇ ခုနှစ်အတွက် အမျိုးသားစာပေဆုနှင်းသဘင်အခမ်းအနား တက်ရောက်ရန်နှိုးဆော်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

၂၀၀၇ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမကြီး၌ ကျင်းပမည်ဖြစ်သည်။ ဒီဇင်ဘာ၂၇ရက် (စနေနေ့) မွန်းလွဲ၁နာရီတွင် အဆိုပါ အစည်းအဝေးခန်းမ၌ပင် အစမ်းလေ့ကျင့်ပွဲအခမ်းအနားကို ကျင်းပမည်ဖြစ်၍ ဆုရရှိသူများအားလုံး မပျက်မကွက် တက်ရောက်ကြရန်ဖြစ်သည်။

နယ်မှဆုရရှိသူများသည် နေပြည်တော်သို့တိုက်ရိုက်လာပါက နေပြည်တော်ပျဉ်းမနား ဘူတာရုံ၊ လေဆိပ်နှင့် ကားဂိတ်များတွင် ကြိုဆိုရေးအဖွဲ့များနှင့် ဆက်သွယ်ကြရန်ဖြစ်ပြီး သတင်းပို့၊ မေးမြန်းလိုပါက နေပြည်တော် ဖုန်း ၀၆၇-၄၁၂၂၀၅၊ ၄၁၂၃၇၄ နှင့် ၄၁၂၃၇၅ တို့သို့လည်းကောင်း၊ ရန်ကုန်မှလိုက်ပါကြမည့် စာပေပညာရှင်များနှင့် ဆုရရှိသူများသည် စာပေဗိမာန် စာတည်းမှူးချုပ် ဖုန်း ၀၁-၂၄၀၀၄၈၊ စာတည်းမှူး ဖုန်း ၀၁-၂၄၉၂၄၀ နှင့် ဌာနခွဲမှူး(စီမံ) တာဝန်ခံ ဖုန်း ၀၁-၃၈၁၄၄၉ တို့သို့ ခရီးစဉ်နှင့်ပတ်သက်၍ အမြန်ဆက်သွယ် အကြောင်းကြားနိုင်ကြောင်း သိရသည်။

မိမိအစီအစဉ်နှင့် လာရောက်ကြမည့်သူများ အပါအဝင် ဆုရသူများအားလုံးသည် ဒီဇင်ဘာ၂၆ရက် (သောကြာနေ့) ညနေ နောက်ဆုံးထား၍အမှတ်(၇) တည်းခိုရေးစခန်း ရွာတော် နေပြည်တော်သို့ အရောက်လာကြရန် နှိုးဆော်ထားကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

## ၂၀၀၈ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ပြိုင်ပွဲဝင်စာမူများ တင်သွင်းနိုင်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

၂၀၀၈ ခုနှစ်အတွက် စာပေဗိမာန်စာမူပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား ပေးပို့ကြရန်ဖြစ်သော်လည်း ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၃၁ရက်အထိ ပြိုင်ပွဲဝင်စာမူများ တင်သွင်းနိုင်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်ပုံစံနှင့်စည်းကမ်းချက်များကို နယ်မှမှာယူလိုသူများသည် တံဆိပ်ခေါင်းဖိုး ငွေကျပ်၂၀၀ ပေးပို့မှာယူနိုင်ပြီး စည်းကမ်းချက်များတွင်ပါရှိသည့် ဘာသာရပ်အလိုက် စာလုံးရေကန့်သတ်ချက်အတိုင်း ပြိုင်ပွဲဝင်နိုင်ကြောင်းနှင့် အတွင်းရေးမှူး စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း စာပေဗိမာန် ရန်ကုန်မြို့သို့လိပ်မူ၍ ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



စပိန်နိုင်ငံ မြောက်ပိုင်း ပါဂျာရိစ်ဒေသတွင် နှင်းများ ထူထပ်စွာ ကျနေသည်ကို ဒီဇင်ဘာ ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

## အီရတ်မှ ဂျပန်လေတပ်ဖွဲ့ စတင်ရုပ်သိမ်း

**တိုကျို ဒီဇင်ဘာ ၁၇**

ဂျပန်နိုင်ငံ လေတပ်ဖွဲ့များအား ကူဝိတ်နိုင်ငံမှ ဒီဇင်ဘာ ၁၅ ရက်တွင် စတင်ရုပ်သိမ်းနေပြီဖြစ်သည်။ ယင်းတပ်ဖွဲ့များသည် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များ၏ စစ်ဆင်ရေးများအား ငါးနှစ်နီးပါးကြာ ထောက်ပံ့ကူညီရာတွင် အသုံးပြုခဲ့သည်။

ကူဝိတ်နိုင်ငံ အခြေစိုက်စခန်းမှ စီ-၁၃၀ သယ်ယူပို့ဆောင်ရေးလေယာဉ် သုံးစင်းအနက် တစ်စင်းအား စတင်ရုပ်သိမ်းခဲ့ကြောင်းကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ကူဝိတ်နိုင်ငံရှိ ဂျပန်တပ်ဖွဲ့ဝင် ၂၀၀အား ယခုနှစ်ကုန်တွင်ဂျပန်နိုင်ငံသို့ပြန်ရန် စီစဉ်ထားသည်။ အီရတ်နိုင်ငံတွင် ဂျပန်စစ်ဘက်ပါဝင်မှုပြီးဆုံးပြီဖြစ်သောကြောင့် ၂၀၀၆ ခုနှစ်က အီရတ်နိုင်ငံတောင်ပိုင်းသို့ ပြန်လည်ထူထောင်ရေးအဖွဲ့မှ မြေပြင်တပ်ဖွဲ့ဝင် ၅၀၀ ကိုလည်း ဂျပန်အစိုးရက ပြန်လည်ရုပ်သိမ်းခဲ့ပြီးဖြစ်သည်။

***အမ်အင်အေ၊ရိုက်တာ။***

## အီရတ်မြောက်ပိုင်းတွင် မိသားစုခုနစ်ဦး အသတ်ခံရ

**မိုဆူး ဒီဇင်ဘာ ၁၇**

အီရတ်နိုင်ငံ နင်နီဗားပြည်နယ် မြို့တော်မိုဆူး အနောက်ဘက် ကျေးရွာတစ်ရွာ၌ မိသားစုတစ်စုမှ ခုနစ်ဦးကို ၎င်းတို့၏ နေအိမ်တွင် လက်နက်ကိုင်တစ်စုက သတ်ဖြတ်သွားကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ထံမှ ဒီဇင်ဘာ ၁၅ ရက်တွင် သတင်းရရှိသည်။

မိုဆူးမြို့အနောက်ဘက်ကီလိုမီတာ ၁၈၀ ခန့်အကွာရှိ စင်ဂျာမြို့အနီး အယ်လ်ရှီမောလ်ကျေးရွာတွင် ယာဇီဒီဂိုဏ်းမှ မိသားစုတစ်စု၏ အိမ်အတွင်းသို့ ညသန်းခေါင်အချိန်၌ အယ်လ်ခိုင်ဒါနှင့်အဆက်အသွယ်ရှိသည်ဟုယူဆရသော သေနတ်သမားများကအတင်းအဓမ္မဝင်ရောက်တိုက်ခိုက်ခြင်း ဖြစ်သည်ဟု အမည်မသိရသော သတင်းပေးတစ်ဦးက ဆင်ဟွာသို့ ပြောကြားသည်။

ထိုတိုက်ခိုက်မှုတွင် အမျိုးသမီးလေးဦးနှင့် အမျိုးသားသုံးဦးသေဆုံးသည်ဟုဆိုသည်။ အီရတ်လုံခြုံရေးတပ်ဖွဲ့များ အခင်းဖြစ်ရာ နေအိမ်သို့ လျင်မြန်စွာရောက်လာကြပြီး ကျေးရွာအတွင်း၌ တိုက်ခိုက်သူများကို ပိုက်စိပ်တိုက်ရှာဖွေကြသည်ဟုအဆိုပါသတင်းပေးသူက ပြောကြားသည်။

ယာဇီဒီသည် လူနည်းစုဘာသာရေးဂိုဏ်းတစ်ခုဖြစ်ပြီး အဖွဲ့ဝင်သောင်းဂဏန်းအထိရှိသည်။ အများအားဖြင့် မိုဆူးမြို့အနီးရှိ မြို့များနှင့် ကျေးရွာများတွင် နေထိုင်ကြသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



အင်ဒိုနီးရှားနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ နှိမ်နှင်းရေး လေ့ကျင့်နေသည်ကို ဒီဇင်ဘာ ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

## အီဂျစ်တွင် ယာဉ်မတော်တဆမှုဖြစ်၊ အများအပြားထိခိုက်သေဆုံး

**ကိုင်ရို ဒီဇင်ဘာ ၁၇**

အီဂျစ်နိုင်ငံမြို့တော် ကိုင်ရို၏တောင်ဘက် ဘာရက် ကျေးရွာအနီးတွင် ဒီဇင်ဘာ ၁၄ ရက်ကမောင်းနှင်နေသော ဘတ်စ်ကားတစ်စီးသည် အရှိန်လွန်၍ အောရာဟင်း မီးယားရေသွယ်မြောင်းအတွင်း ထိုးကျသွားရာ အနည်းဆုံး ၅၅ ဦး သေဆုံးသွားကြောင်း သက်ဆိုင်ရာအရာရှိများက ပြောကြားသည်။

အခင်းဖြစ်ပွားချိန်၌ အဆိုပါ ဘတ်စ်ကားပေါ်တွင် ခရီးသည် ၆၀ မှ ၇၀ အထိ အပြည့်အသိပ် လိုက်ပါလာကြောင်းသိရသည်။

သတင်းတစ်ရပ်အရ ယင်းဘတ်စ်ကားသည် အခြားယာဉ်တစ်စီးကိုကျော်တက်ရန် ကြိုးစားစဉ် အရှိန်မထိန်းနိုင်ဘဲ ယခုကဲ့သို့တွေ့ကြုံရကြောင်း ဖော်ပြသော်လည်း မင်ယာပြည်နယ်အုပ်ချုပ်ရေးမှူး အာမက်ဒိုင်က အဆိုပါ ဘတ်စ်ကားသည် မျက်နှာချင်းဆိုင်မှလာသော လော်ရီကားကို ရှောင်တိမ်းစဉ် မတော်တဆမှုဖြစ်ပွားရခြင်းဖြစ်ကြောင်း သိရသည်။ ရဲတပ်ဖွဲ့ဝင်များ၊ ရေငုပ်သမားများနှင့် စေတနာ့ဝန်ထမ်းများသည် ရေနစ်သေဆုံးသွားသူများကို ကြိုးစားရှာဖွေလျက်ရှိသည်။ ယင်းမတော်တဆမှုတွင် ခရီးသည် ၅၇ ဦးသေဆုံးကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောကြားသော်လည်း အခြားမီဒီယာသတင်းတစ်ပုဒ်ကမူ ၅၅ ဦးသေဆုံးကြောင်းဖော်ပြသည်။

အီဂျစ်နိုင်ငံတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာထိန်းချုပ်မှု အားနည်းခြင်း၊ ယာဉ်များကြွံခိုင်ရေး ဆောင်ရွက်မှု မပြည့်စုံခြင်းနှင့် လမ်းများမကောင်းခြင်းတို့ကြောင့် ကုန်းလမ်းခရီးသွားရသည်မှာ အန္တရာယ်များလှသည်ဟုဆိုသည်။ ယာဉ်မတော်တဆမှုကြောင့် နှစ်စဉ်ပြည်သူ ၆၀၀၀ ခန့် သေဆုံးရပြီး ၃၀၀၀၀ မျှ ဒဏ်ရာရရှိကြောင်းစာရင်းအင်းများကဖော်ပြသည်။ ***အင်တာနက်။***







## အာဖဂန်နစ္စတန်တွင် ဗြိတိန်တပ်ဖွဲ့ဝင်သေဆုံး

**လန်ဒန် ဒီဇင်ဘာ ၁၇**

အာဖဂန်နစ္စတန်နိုင်ငံသို့ ဗြိတိန်တပ်ဖွဲ့များ ပိုမိုစေလွှတ်ရန် ဝန်ကြီးချုပ် ဂေါ်ဒွင်ဘရောင်းက ကတိပြုခဲ့ပြီးနောက် နာရီပိုင်းအကြာ အာဖဂန်၌ သေနတ်ဒဏ်ရာဖြင့် ဗြိတိန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကြောင်း ဒီဇင်ဘာ ၁၅ ရက်တွင် ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါ တပ်ဖွဲ့ဝင်သည် တာလီဘန်စစ်သွေးကြွများ ကြီးစိုးသော ဟဲလ်မန့်ပြည်နယ် ဂေါ်ရက်စ်ဒေသရှိ ရှေ့တန်းစစ်စခန်း၌ ပစ်ခတ်ခံရခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ဗြိတိန်နှင့်ပူးပေါင်းပြီး အမေရိကန်ဦးဆောင်သော ကျူးကျော်စစ်ပွဲစတင်သည့် ၂၀၀၁ ခုနှစ် နောက်ပိုင်းကတည်းက ဗြိတိန်တပ်ဖွဲ့ဝင် ၁၃၀ကျော် သေဆုံးခဲ့ရပြီဖြစ်သည်။

***အမ်အင်အေ၊ရိုက်တာ။***

**အီရတ်နိုင်ငံ ဆာဒါမြို့တွင် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေသူများအား ဒီဇင်ဘာ ၁၅ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# နိုင်ငံတကာသတင်းမှတ်စု

## နယူးဇီလန်အဆိုတော် ကမ္ဘာ့စံချိန်ချိုး

နယူးဇီလန်အဆိုတော် ကာရင်းဒေဗီသည် အောက်ကလန်ဒေသတွင် ဒီဇင်ဘာ ၁၅ရက်က ၄၈နာရီနီးပါးကြာ သီချင်းများ အဆက်မပြတ်ဆိုခဲ့ပြီးနောက် ကမ္ဘာ့မှတ်တမ်းစံချိန်ချိုးခဲ့သည်။

ဒေဗီသည် အောက်ကလန်ဒေသအရှေ့တောင်ဘက် ဘိုတာနီမြို့လယ်၌ စနေနေ့နံနက်ပိုင်းက သူမ သီဆိုမှုအား မှတ်တမ်းစတင်ခဲ့ပြီး ၄၇နာရီ ၂၉မိနစ်အကြာတွင် သီဆိုမှုပြီးဆုံးခဲ့သည်။

## အိန္ဒိယအရှေ့ပိုင်းတွင် ကြက်ငှက်တုပ်ကွေးဖြစ်ပွား

အိန္ဒိယနိုင်ငံ အာသံပြည်နယ်တွင် လွန်ခဲ့သောလက ကြက်ငှက် တုပ်ကွေးရောဂါဖြစ်ပွားပြီးကတည်းက နိုင်ငံအရှေ့ပိုင်းရှိ အနောက်ဘင်္ဂေါပြည်နယ်သို့ ($H_5N_1$)ကြက်ငှက်တုပ်ကွေး ကူးစက်ပြန့်ပွားလာကြောင်း အင်ဒို-အာရှသတင်းဌာနက အင်္ဂါနေ့တွင် ပြောကြားသည်။

အာသံပြည်နယ်တွင် လွန်ခဲ့သောလက ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပိုးကြောင့် အိမ်မွေးတိရစ္ဆာန် ၃၀၀ကျော် သေဆုံးခဲ့ပြီးနောက် ကျန်းမာရေးသတိပေးချက်ထုတ်ပြန်ခဲ့သည်။

## အမေရိကန်ဒုံးကျည် ထိမှန်မှုကြောင့် ပါကစ္စတန်နှစ်ဦး သေဆုံး

အာဖဂန်နစ္စတန်နိုင်ငံနယ်စပ်အနီးရှိ ပါကစ္စတန်နိုင်ငံ မြောက်ပိုင်း ဝါဇီရစ္စတန်ဒေသမှ အိမ်တစ်အိမ်အား ဒီဇင်ဘာ ၁၅ရက်က အမေရိကန်တို့ ပစ်လွှတ်သည်ဟု ယူဆရသော ဒုံးကျည်ထိမှန်မှုကြောင့် နှစ်ဦးသေဆုံးကြောင်း ပါကစ္စတန်လုံခြုံရေးအဖွဲ့ တာဝန်ရှိသူများက ပြောကြားသည်။

မြောက်ပိုင်းဝါဇီရစ္စတန်သည် အယ်လ်ခိုင်ဒါနှင့် တာလီဘန်များ ကြီးစိုးသောဒေသတစ်ခုဖြစ်ပြီး ယခုနှစ်အတွင်း ပါကစ္စတန်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့များက လေကြောင်းမှတိုက်ခိုက်မှု ၃၀ နီးပါး ပြုလုပ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

## တရုတ်၌ မြူထူမှုကြောင့် ခရီးစဉ်များနောက်ကျ

တရုတ်နိုင်ငံ စီချွမ်ပြည်နယ် အနောက်တောင်ပိုင်း မြို့တော် ချောင်လီ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဒီဇင်ဘာ ၁၆ရက်က မြူများ ခြောက်နာရီခွဲကြာ ဖုံးလွှမ်းမှုကြောင့် လေယာဉ်ခရီးစဉ် အများအပြား နှောင့်နှေးခဲ့ပြီး ခရီးသည် ၁၀၀၀၀ ကျော် သောင်တင်နေခဲ့ရသည်။

မြူများထူထပ်စွာ ကျဆင်းမှုကြောင့် နံနက် ၄နာရီခွဲက လေဆိပ်အားပိတ်ခဲ့ရသည်။ ဒီဇင်ဘာ ၁၆ရက်တွင် လေယာဉ်အဝင်နှင့်အထွက် ခရီးစဉ်ပေါင်း ၄၁၆ ခုရှိရာတွင် ခရီးစဉ်အားလုံးသည် သုံးနာရီထက်မနည်း နောက်ကျခဲ့ရကြောင်း လေဆိပ်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။



## ကယ်လီဖိုးနီးယား၌ ရေကြီးမှုဖြစ်ပွား

ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်းတွင် ဒီဇင်ဘာ ၁၅ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ယာဉ်မတော်တဆမှုများဖြစ်ပွားခြင်း၊ ရေကြီးခြင်းကြောင့် ပြည်သူအများအပြား အိုးအိမ်စွန့် ထွက်ပြေးခဲ့ရသည်။

ဒီဇင်ဘာ ၁၅ရက်ညပိုင်းက မိုးမုန်တိုင်း တိုက်ခတ်မှုကြောင့် လော့စ်အိန်ဂျလိစ် အဝေးပြေးလမ်းများတွင် ယာဉ်မတော်တဆမှု ခြောက်ကြိမ်ဖြစ်ပွားခဲ့သည်။ လွန်ခဲ့သောလက ဆင်ခြေဖုံးဒေသများတွင် တောမီးလောင်မှုကြောင့် အိမ်ခြေ ၁၀၀ခန့်ပျက်စီးခဲ့သည့်နေရာတွင်ရေကြီးမှုထပ်မံဖြစ်ပွားရာ တာဝန်ရှိသူများက ဒေသခံအများအပြားကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ **(အပေါ်ပုံ)**

## အင်ဒိုနီးရှားအနောက်ဘက်၌ ငလျင်လှုပ်

အင်ဒိုနီးရှားနိုင်ငံအနောက်ပိုင်း ဘန်ကူလူပြည်နယ်တွင် ဒီဇင်ဘာ ၁၆ရက် နံနက်ပိုင်းက ရစ်ချ်တာစကေး ၅ဒသမ ၄အဆင့်ရှိ ငလျင်လှုပ်သွားကြောင်း မိုးလေဝသနှင့် ဘူမိရူပဌာနက ဖော်ပြသည်။

အဆိုပါ ငလျင်သည် ဒေသစံတော်ချိန် နံနက် ၄နာရီ ၁၈မိနစ်က ပင်လယ်ပြင်အောက် ၁၀ကီလိုမီတာအကွာ၌ ဗဟိုပြုလှုပ်သွားကြောင်း သိရသည်။ ငလျင်လှုပ်မှုကြောင့် သေကျေဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှုကို ဖော်ပြခြင်း မရှိကြောင်း သိရသည်။

**စုစည်းဘာသာပြန်ဆိုသူ - စိုးစိုးနိုင်**



အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စများ ဆွေးနွေးအပြီး တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်မှ မာဇီတင်နှင့် အိန္ဒိယကာကွယ်ရေးဝန်ကြီး ပီဂျေဆင်းတို့ကို ဒီဇင်ဘာ ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# အရှေ့အလယ်ပိုင်းဒေသ အမေရိကန် ဆုံးဖြတ်ချက်မူကြမ်း လစ်ဗျားဝေဖန်

**ကုလသမဂ္ဂ ဒီဇင်ဘာ ၁၇**

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် တစ်နိုင်ငံတည်းသော အာရပ်နိုင်ငံဖြစ်သည့် လစ်ဗျားက အမေရိကန်ရေးဆွဲသော အရှေ့အလယ်ပိုင်းဒေသနှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက်မူကြမ်းကို ဒီဇင်ဘာ ၁၅ ရက်တွင် ဝေဖန်လိုက်သည်။

ယင်းမူကြမ်းသည် အစ္စရေးနှင့် ပါလက်စတိုင်းတို့အကြား ဆွေးနွေးပွဲတိုးတက်မှုများကို ကြိုဆိုလိုက်ပြီး ပြဿနာများကို တိတိကျကျ ဖော်ပြထားခြင်းမရှိဟု ဆိုသည်။

ထိုဆုံးဖြတ်ချက်ကို လုံခြုံရေးကောင်စီက စဉ်းစားသောအခါ လစ်ဗျားနိုင်ငံအနေဖြင့် ထောက်ခံမည်သို့မဟုတ် ကန့်ကွက်မည်လောဟု မေးမြန်းရာကုလသမဂ္ဂဆိုင်ရာလစ်ဗျားသံအမတ် ဂီယာဒဲလ်လတ်ချ်ကထရီ ပိုလီက ညွှန်ကြားချက်ကို စောင့်ဆိုင်းနေကြောင်း သတင်းထောက်များအား ပြောကြားသည်။

အချို့အချက်အလက်များကိုပြင်ဆင်ပေးရန် အဆိုပြုထားကြောင်း၊ အချို့ပြဿနာများကိုလည်း ထည့်သွင်းဖော်ပြသင့်ကြောင်း၊ ဥပမာ-ဂါဇာကမ်းမြောင်ဒေသကို ပိတ်ဆို့ထားခြင်း၊ အစ္စရေးတို့၏အခြေချနေထိုင်ခြင်းနှင့် ၎င်းအခြေချသူတို့က ပါလက်စတိုင်းတို့အား အကြိမ်ကြိမ်ကျူးကျော်ရန်စခြင်းတို့ ဖြစ်ကြောင်း လစ်ဗျားသံအမတ်က ပြောကြားသည်။

ထိုဆုံးဖြတ်ချက်မူကြမ်းကို အတည်ပြုခဲ့လျှင် ၂၀၀၃ ခုနှစ် နိုဝင်ဘာလနောက်ပိုင်း အစ္စရေး-ပါလက်စတိုင်းပြဿနာအပေါ် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ပထမဆုံး ဆုံးဖြတ်ချက် ဖြစ်လာမည်ဖြစ်သည်။ ၎င်းမူကြမ်းက ပါလက်စတိုင်းနိုင်ငံ တည်ထောင်သည်အထိ ရည်မှန်းသော အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးအစီအစဉ်လမ်းပြမြေပုံကို ဖော်ဆောင်မည်ဖြစ်သည်။

**အမ်အင်အေ၊ရိုက်တာ။**

# နိုင်ဂျာတွင် ကနေဒါသံတမန် ပျောက်ဆုံး

**အော့တဝါ ဒီဇင်ဘာ ၁၇**

ကုလသမဂ္ဂအတွက် နိုင်ဂျာတွင် တာဝန်ထမ်းဆောင်နေသော ကနေဒါသံတမန်တစ်ဦးနှင့် အခြားနှစ်ဦးသည် ပျောက်ဆုံးလျက်ရှိကြောင်း ကနေဒါသတင်းဌာနများက ဖော်ပြသည်။

နိုင်ဂျာမြို့တော် နီယာမေးအနီးတွင် အသက် ၆၀ ရှိ ကနေဒါသံတမန် ရောဘက်ဖောင်လာ၊ ၎င်း၏လက်ထောက်တစ်ဦးနှင့် ကားမောင်းသူတို့သည် တနင်္ဂနွေနေ့ ညနေပိုင်းတွင်ပျောက်ဆုံးနေသည်ကို တွေ့ရှိရကြောင်း ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူ ဖာဟန်ဟတ်က ကနေဒါရုပ်မြင်သံကြားသို့ ပြောကြားသည်။ အဆိုပါ ပျောက်ဆုံးသူသုံးဦးစီးသော ကုလသမဂ္ဂဖွံ့ဖြိုးရေး အစီအစဉ်မှ ကားကို နီယာမေးမြို့ပြင်မှ ကီလိုမီတာ ၄၀ အကွာ၌ တွေ့ရှိရသည်ဟုဆိုသည်။

**အမ်အင်အေ၊ဆင်ဟွာ။**

# အာဖဂန်နစ္စတန်သို့ ထောက်ပံ့ရေးပစ္စည်း ပို့ဆောင်ရန် နေတိုး လမ်းကြောင်းသစ်ရှာ

**ကဘူး ဒီဇင်ဘာ ၁၇**

အာဖဂန်တွင် တပ်စွဲထားသော နေတိုးတပ်ဖွဲ့နှင့် အမေရိကန်တပ်ဖွဲ့များရှိရာသို့ ထောက်ပံ့ရေးပစ္စည်းများ ပို့ရန်အတွက် ပါကစ္စတန်မှလာသော ယာဉ်စီးရေပေါင်း ရာနှင့်ချီ၍ တိုက်ခိုက်ဖျက်ဆီးခံရပြီးနောက် နေတိုးတပ်ဖွဲ့က အာဖဂန်မြောက်ပိုင်းရှိ မဟာမိတ်များနှင့် ပစ္စည်းထောက်ပံ့ရေး လမ်းသစ်ရှာဖွေရေးကိစ္စအတွက် ဒီဇင်ဘာ ၁၄ ရက်က ဆွေးနွေးကြသည်။

**တိုက်ခိုက်**

အာဖဂန်သို့ ပေးပို့နေသော နေတိုးထောက်ပံ့ရေးကား အစီး ၃၀၀ မျှကို ပါကစ္စတန်၌ တာလီဘန်တို့က ရက်သတ္တတစ်ပတ်အတွင်း တိုက်ခိုက်ကြသည်။

**လက်ခံရရှိ**

ယင်းသို့ တိုက်ခိုက်ခံရမှုအတွင်း စစ်ဘက်မှ ယာဉ်များ မီးရှို့ခံရပြီး သီတင်းတစ်ပတ်အတွင်း တိုက်ခိုက်မှုငါးကြိမ်ဖြစ်ပွားခဲ့သည်။ သို့သော် လောင်စာဆီအများစုကိုမူ ဥဇဘက်ကစ္စတန်နှင့် တာ့ခ်မင်နစ္စတန်မှနေ၍ အမေရိကန် စစ်ဘက်က လက်ခံရရှိခြင်းဖြစ်ပြီး၊လောင်စာဆီဂါလန်ပေါင်း ၃၅၀၀၀၀ ကို အာဖဂန်မြောက်ဘက်ရှိ မဟာမိတ်များထံမှ ပေးပို့ခြင်းဖြစ်သည်။

နိုင်ငံရေးမငြိမ်မသက်မှုများအကြားတွင်နေတိုးတပ်ဖွဲ့အနေဖြင့်ထောက်ပံ့ရေး ပစ္စည်းများပို့ရန် လမ်းကြောင်းကို တောင်ဘက်မှနေ၍ မြောက်ဘက်သို့ ပြောင်းကာပို့ပေးနိုင်ရန်လမ်းကြောင်းရှာရခြင်းဖြစ်သည်ဟု နေတိုးဦးဆောင်သော တပ်ဖွဲ့မှ ဗိုလ်ချုပ်ကြီး ဒေးဗစ်မက်ကီမန်က ပြောကြားသည်။

**အင်တာနက်။**




ကျူးဘားနိုင်ငံ ဟာဗာနားသို့အလည်အပတ်သွားမည့်ရုရှားရေတပ်သင်္ဘော အက်ဒမီရယ်ချာဘာနင်ကိုအား ဒီဇင်ဘာ ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



# မျိုးပျောက်ကွယ်တော့မည့် မိကျောင်းများ ဖလော်ရီဒါအဏုမြူဓာတ်အားပေး စက်ရုံဝန်းကျင်တွင် ရှင်သန်လာ

**ဟုမ်းစတက်(ဖလော်ရီဒါ) ဒီဇင်ဘာ ၁၇**

အမေရိကန်နိုင်ငံ ဖလော်ရီဒါဒေသ ဟုမ်းစတက်အရပ်ရှိ အဏုမြူဓာတ်အားပေးစက်ရုံ ဝန်းကျင်တွင် တွားသွားသတ္တဝါမျိုး ဖြစ်သော မိကျောင်းကြီးကောင်ရေ ၄၀၀ အထိ ပွားများလာကြောင်း မီဒီယာသတင်းများအရ သိရသည်။

တာကီပွိုင့် အဏုမြူဓာတ်အားပေးစက်ရုံအနီးတွင် လွန်ခဲ့သောနှစ်ပေါင်း ၃၀ ခန့်မှစ၍ မိကျောင်းကောင်ရေ ပွားများလာခြင်းဖြစ်ကြောင်းဒီဇင်ဘာ ၁၄ ရက်ထုတ် မီယာမီဟာဒယ်နေ့စဉ်သတင်းတွင် ဖော်ပြထားသည်။

ထိုအရပ်အနီးတွင် အဏုမြူဓာတ်အားပေးစက်ရုံကို အအေးခံရန်အတွက် ရေသွင်းရေထုတ် ပြုလုပ်သော ဧက ၆၈၀၀ အကျယ်အဝန်းရှိ ရေသွယ်မြောင်းစနစ် တည်ရှိသည်။ ရေများရှိနေသော ထိုမြောင်းစနစ်အတွင်း မိကျောင်းများသည် ကောင်းစွာ ပေါက်ပွားလျက်ရှိသည်။

ယင်းဒေသတွင် အမျိုးသား တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေး ဖက်ဒရေးရှင်းက မိကျောင်းများ၏အနေအထိုင်၊ အလေ့အထ၊ သားပေါက်ပွားမှုနှင့် ကြီးထွားမှုစသည့် သဘာဝအနေအထားများကို စောင့်ကြည့်လေ့လာလျက်ရှိသည်။

တစ်ချိန်က အမေရိကန် မိကျောင်းမျိုးများသည် မျိုးပျောက်ကွယ်တော့မည့်အန္တရာယ် ရှိနေခဲ့သည်။ ထိုအခြေအနေမှ တာကီပွိုင့်ရှိ အဏုမြူဓာတ်အားပေးစက်ရုံမှထွက်သော ရေပူများကြောင့် မိကျောင်းများ ပြန်လည်ရှင်သန်လာသည့်အတွက် ထိုစက်ရုံ၏ လုပ်ရပ်ကို အောက်တိုဘာလနှင့် နိုဝင်ဘာလတွင်ထုတ်ဝေသော မဂ္ဂဇင်းတွင် ချီးကျူးဖော်ပြထားသည်။

**အင်တာနက်။**

# အမေရိကန်၏ အီရတ်၊ အာဖဂန် စစ်စရိတ် ၉၀၄ ဘီလီယံဒေါ်လာ ရှိပြီ

**ဝါရှင်တန် ဒီဇင်ဘာ ၁၇**

အီရတ်နှင့် အာဖဂန်နစ္စတန် စစ်ပွဲများအပါအဝင် အမေရိကန်တပ်ဖွဲ့များ စစ်ဆင်ရေး ကုန်ကျစရိတ်သည် ၂၀၀၁ ခုနှစ်မှစတွက်လျှင် အမေရိကန် ဒေါ်လာ ၉၀၄ ဘီလီယံ ကုန်ကျခဲ့ကြောင်း၊ ပင်လယ်ရပ်ခြားသို့ တပ်ဖွဲ့များ စေလွှတ်ခြင်းကို လျှော့ချသည့်တိုင်အောင် ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ထရီလီယံအထိတက်သွားနိုင်ကြောင်း တနင်္လာနေ့သတင်းများတွင် ဖော်ပြသည်။

မဟာဗျူဟာနှင့် ရငွေသုံးငွေစာရင်းဆိုင်ရာ အကဲဖြတ်ရေးဗဟိုဌာန (စီအက်စ်ဘီအေ)က ထုတ်ပြန်သော လေ့လာမှုအသစ်တွင် အီရတ်နိုင်ငံတစ်နိုင်ငံတည်းအတွင်း ကုန်ကျနေသော စစ်စရိတ် ၆၈၇ဘီလီယံ ဒေါ်လာသည် ဒုတိယကမ္ဘာစစ် စစ်စရိတ်များ မပါဘဲ ယခင်အမေရိကန်စစ်ပွဲအသီးသီး၏ ကုန်ကျစရိတ်ကိုကျော်လွန်သွားပြီဖြစ်သည်။ အသုံးစရိတ်များကို တွက်ချက်ရာ၌ ငွေကြေးဖောင်းပွမှုအတွက် ညှိနှိုင်း တွက်ချက်ပြီးဖြစ်သည်။

အမေရိကန်ဒေါ်လာ၁၈၄ ဘီလီယံ ဒေါ်လာကုန်ကျသော အာဖဂန်စစ်ပွဲစရိတ်ပါ ထည့်သွင်းတွက်ချက်လျှင် ဗီယက်နမ်စစ်ပွဲ ကုန်ကျစရိတ်ကို ၅၀ ရာခိုင်နှုန်းခန့် ကျော်လွန်သွားပြီဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

စစ်ပွဲနှစ်ပွဲကုန်ကျစရိတ်၊အမေရိကန်ပြည်တွင်း လုံခြုံရေး ဆောင်ရွက်မှုမြှင့်တင်ခြင်းစရိတ်၊ စစ်ပြန်များအား ထောက်ပံ့ငွေ ပေးအပ်ခြင်း စရိတ်တို့ အပါအဝင် ၂၀၀၁ ခုနှစ်မှစ၍ ရေတွက်လျှင် အမေရိကန်စစ်ဆင်ရေး၏ ကုန်ကျစရိတ်များသည် ဒေါ်လာ ၉၀၄ ဘီလီယံ ရှိနေပြီဖြစ်ကြောင်း စီအက်စ်ဘီအေက ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ။**



အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ ဆိပ်ကမ်းရေပြင်တွင် ကင်းလှည့်နေသော အိန္ဒိယ လုံခြုံရေး ရေယာဉ်တစ်စင်းကို ဒီဇင်ဘာ ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# ဘဂ္ဂဒက်တွင် အသေခံဗုံးခွဲတိုက်ခိုက် ရဲတပ်ဖွဲ့ဝင် ကိုးဦး သေဆုံး

**ဘဂ္ဂဒက် ဒီဇင်ဘာ ၁၇**

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့ အနောက်ပိုင်းစစ်ဆေးရေး စခန်းအတွင်းသို့ တနင်္လာနေ့က ဖောက်ခွဲရေးပစ္စည်းများ အပြည့်တင်ဆောင်ထားသော ကားတစ်စီးဖြင့် အသေခံ ဗုံးခွဲသူတစ်ဦးက မောင်းဝင်၍ ဖောက်ခွဲရာ ရဲတပ်ဖွဲ့ဝင်ကိုးဦး သေဆုံးပြီး၊ ၃၁ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့မှ အမည်မဖော်လိုသူတစ်ဦးက ပြောကြားသည်။

ဒဏ်ရာရရှိသူ အများစုသည် ရဲတပ်ဖွဲ့ဝင်များဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဘဂ္ဂဒက်မြို့ အနောက်ပိုင်း ခန်ဒါရီနယ်မြေ မြို့စွန်ရပ်ကွက်များတွင် အဆိုပါ တိုက်ခိုက်မှု ဖြစ်ခဲ့ခြင်း ဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ။**

# ပစ်တိုင်းထောင်နိုင်ငံ၊ ပစ်တိုင်းထောင်လူမျိုးမို့ အပြုံးပျက်ဖို့မလိုပေါင်(၂)

ကျော်ရဲမင်း

ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာတော့ ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းနဲ့ တိုက်ရိုက်ပတ်သက်ထိခိုက်မှု နည်းပါးပြီး သက်သာတယ်လို့ ဆိုနိုင်ပေမယ့် ကုန်သွယ်ရေး၊ ပြည်ပရင်းနှီးမြှုပ်နှံမှု၊ ပြည်ပချေးငွေနဲ့ အထောက်အပံ့များရရှိမှု၊ ပြည်တွင်းဘဏ်စနစ်၊ ငွေပေးငွေယူရှင်းတမ်း၊ အစိုးရဘတ်ဂျက်နဲ့ အချို့ကဏ္ဍတွေမှာ သွယ်ဝိုက်ပြီး ထိခိုက်ဆုံးရှုံးမှုတွေ ရှိခဲ့ပါတယ်။ ကမ္ဘာ့ငွေကြေးစနစ်နဲ့ ချိတ်ဆက်မှုနည်းပါးတဲ့ နိုင်ငံတွေမှာ ထိခိုက်မှုသက်သာမှာဖြစ်ပေမယ့် ငွေကြေးအကျပ်အတည်းရဲ့ ရိုက်ခတ်မှုက ကင်းလွတ်တဲ့ နိုင်ငံရယ်လို့တော့ မရှိနိုင်ပါဘူး။

**လက်တင်အမေရိကနိုင်ငံများအနေနဲ့ ပို့ကုန်စုစုပေါင်းရဲ့ထက်ဝက်ဟာ အမေရိကန်ကို တင်ပို့နေတာဖြစ်တဲ့အတွက် အခုလို အမေရိကန်မှာ ငွေကြေးကျပ်တည်းပြီး ဝယ်လိုအား ကျဆင်းနေတာကြောင့် သူတို့ရဲ့ ပို့ကုန်များလည်း ကျဆင်းပြီး စီးပွားရေးထိခိုက်ခဲ့တယ်လို့ ဆိုပါတယ်။ အာဖရိကနိုင်ငံများမှာလည်း အနောက်နိုင်ငံတွေက ရင်းနှီးမြှုပ်နှံမှု (FDI) များ ကျဆင်းလာခြင်း၊ ODA အကူအညီအထောက်အပံ့များ ကျဆင်းလာခြင်း၊ ပြည်ပထွက်၍ အလုပ်လုပ်နေသူများထံမှ ပြန်ပို့ငွေ (Remittance)များ ကျဆင်းလာခြင်းတို့ကြောင့် စီးပွားရေးအရ များစွာထိခိုက်စေခဲ့ပါတယ်။ တရုတ်၊ အိန္ဒိယ၊ ဘရာဇီး၊ တောင်အာဖရိက စတဲ့ စက်မှုထွန်းသစ်စနိုင်ငံများမှာတောင် ဘဏ္ဍာရေးဈေးကွက်အရ ထိခိုက်မှုနည်းပါးပေမယ့်လည်း ကုန်ထုတ်လုပ်မှုနဲ့ ကုန်သွယ်မှုလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းနဲ့ သယ်ယူပို့ဆောင်ရေးစတဲ့ အခြားကဏ္ဍများမှာ ထိခိုက်မှုတွေရှိလာခဲ့တာကြောင့် စီးပွားရေးကျဆင်းမှုကို ရှောင်လွှဲလို့မရနိုင်တာ အမှန်ပါပဲ။**

ဒီလို ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်းက စိန်ခေါ်လာတဲ့အတွက် ဥရောပသမဂ္ဂ၊ လက်တင်အမေရိကမှ မာကိုဆာကုန်သွယ်ရေးအုပ်စု၊ အိုပက်အဖွဲ့၊ အာဖရိကသမဂ္ဂ၊ ASEM ခေါ် အာရှ-ဥရောပ ထိပ်သီးအဖွဲ့စသည်ဖြင့် ဒေသအလိုက် အဖွဲ့အစည်းများက အရေးပေါ် အစည်းအဝေးတွေ၊ ညီလာခံတွေ ခေါ်ယူပြီး လက်ရှိပြဿနာကို ကျော်လွှားနိုင်ဖို့အတွက် နည်းလမ်းရှာကြံမှုတွေ လုပ်နေကြတာလည်း နေ့စဉ်ကြားသိနေရပါတယ်။ စက်မှုဖွံ့ဖြိုးပြီး G-7,G-20 စတဲ့ ထိပ်သီးညီလာခံတွေလည်း ထပ်ခါထပ်ခါ ကျင်းပပြီး ဆွေးနွေးညှိနှိုင်း အဖြေရှာနေကြတာပါပဲ။

အဲဒီလို G-7မှာအဖြေရှာပြီး နည်းလမ်းတွေဖော်ထုတ်ကြံဆကြတော့ ဘဏ္ဍာရေးဈေးကွက် ပြိုလဲနေတဲ့ အနောက်အုပ်စုနဲ့ ကုန်သွယ်ရေးကျဆင်းမှုကို ကုစားနိုင်ရန်အတွက် ဒေသတွင်း နိုင်ငံအချင်းချင်းဖြစ်စေ၊ အခြားဖွံ့ဖြိုးဆဲ၊ ထွန်းသစ်စ စက်မှုနိုင်ငံများနဲ့ဖြစ်စေ ပိုမိုတိုးချဲ့ ကုန်သွယ်ဖို့ ဒေသန္တရအဖွဲ့အစည်းအလိုက် ဘဏ္ဍာရေးအကျပ်အတည်း ဖြေရှင်းရေးရန်ပုံငွေတွေ စုပေါင်းထူထောင်ဖို့၊ အမေရိကန်၊ အနောက်အုပ်စုတို့နဲ့ ဘဏ္ဍာရေးစီးပွားရေး ဆက်သွယ်မှီခိုဆောင်ရွက်မှုတွေ လျှော့ချဖို့ဆိုတဲ့ အချက်တွေအပေါ် အများစိတ်ဝင်စားကြပါသတဲ့၊ အဓိကကတော့ စည်းလွတ်ဝါးလွတ်ဖြစ်နေတဲ့ ကမ္ဘာ့ဘဏ္ဍာရေးနဲ့ ငွေကြေးဈေးကွက်ကို တစ်ဖက်ကလည်း ကမ္ဘာ့စီးပွားရေးကို ပြန်ထိန်းနိုင်ဖို့ပါပဲ။ အလားတူ G-20 ထိပ်သီးအစည်းအဝေးမှာလည်း စီးပွားရေး နာလန်ပြန်ထူစေဖို့၊ ဘဏ်များရဲ့ ချေးငွေပြဿနာများပြေလည်စေဖို့ ဆောင်ရွက်မယ့် အစီအစဉ်တွေကို ဆွေးနွေးခဲ့ကြပါတယ်။ ဒါပေမယ့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)နဲ့ပတ်သက်တဲ့ ပြုပြင်ပြောင်းလဲမှုတွေ နိုင်ငံတကာ ငွေကြေးဈေးကွက်အပေါ် ချမှတ်မယ့် စည်းမျဉ်းစည်းကမ်းတွေကိုစ္စကိုတော့ အမေရိကန်သမ္မတအသစ် တာဝန်ယူပြီးတဲ့ အချိန်အထိ ဆိုင်းငံ့ထားမယ်လို့ သိရပါတယ်။ ကျင်းပပြီးခဲ့တဲ့ APEC အဖွဲ့အစည်းကလည်း G-20 အစည်းအဝေးက အရေးယူဆောင်ရွက်မယ့် နည်းလမ်းအများစုကို ထောက်ခံခဲ့ကြတယ်လို့ဆိုပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံ အပါအဝင် အာဆီယံ+၃ အုပ်စုကတော့ ဒေါ်လာဘီလီယံ ၁၅၀ လောက်ရှိမယ့် ရန်ပုံငွေတစ်ရပ် ထူထောင်ဖို့ ကြိုးပမ်းဆောင်ရွက်မယ်လို့ ကြားမိပါတယ်။

လတ်တလော သတင်းတွေအရဆိုရင် ပြင်သစ်နိုင်ငံအနေနဲ့ စီးပွားရေး နာလန်ထူစေရေးအတွက် ယူရို ၂၆ ဘီလီယံ အသုံးပြုမယ့် အစီအစဉ်ကို ကြေညာထားသလို တရုတ်နိုင်ငံကလည်း ယွမ်ငွေ ၄ ထရီလီယံ (ဒေါ်လာဘီလီယံ ၆၀၀ နီးပါး) အသုံးပြုမယ့် စီးပွားရေးအရှိန် မြှင့်တင်ရေးအစီအမံကို ကြေညာထားပါတယ်။ အားလုံးသိကြတဲ့အတိုင်း ရေနံဈေးနှုန်းကလည်း ဇူလိုင်လမှာ တစ်စည်ကို ၁၄၇ ဒေါ်လာအထိ မြင့်တက်ခဲ့ရာကနေ ဒီဇင်ဘာ၁၆ရက်နေ့မှာ ၄၃ ဒသမ ၆ ဒေါ်လာအထိ ဆင်းသွားတာလည်း တွေ့နေရပါတယ်။ ကမ္ဘာ့စီးပွားရေးရဲ့ မတည်ငြိမ်တဲ့ ဈေးနှုန်းပြောင်းလဲမှု တွေနဲ့ ဒီအကျပ်အတည်းကိုကုစားနိုင်ဖို့ ကြိုးပမ်းချက်တွေဟာ အားပြိုင် နေကြဆဲပါပဲ။

ဒါပေမယ့် တစ်ဖက်ကပြန်ကြည့်ရင် ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းမှာ ဘာအပြစ်မှမရှိဘဲ အဓိက ထိခိုက်ခံစားခဲ့ကြရတဲ့ ဆင်းရဲတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေကို အစည်းအဝေးဖိတ်ကြားပြီး ပြောရေးဆိုခွင့်မပေးဘဲ ပစ်ပယ်ထားတဲ့အတွက် ဖွံ့ဖြိုးဆဲနိုင်ငံ ခေါင်းဆောင်တွေက မကျေမနပ်ဖြစ်နေတယ်လို့လည်း ဆိုပါတယ်။ တချို့ ဆွေးနွေးညှိနှိုင်းမှုတွေမှာလည်း ဘုံသဘောတူညီချက် မရရှိနိုင်ဘဲ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အငြင်းပွားမှုတွေနဲ့ အဆုံးသတ်ခဲ့ရတာတွေလည်း ရှိပါတယ်။ ခြုံပြီးပြောရရင်တော့ ကမ္ဘာ့နိုင်ငံအသီးသီးဟာ လက်ရှိဖြစ်ပေါ်နေတဲ့ ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းကို ကျော်လွှားနိုင်ဖို့ တစ်နိုင်ငံချင်းဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ ဝိုင်းဝန်းညှိနှိုင်း ကြိုးပမ်းလုပ်ဆောင်နေကြတယ် ဆိုသော်ငြားလည်း ထိရောက်တဲ့ ကုစားမှုနည်းလမ်းများ တညီတညွတ်တည်း ချမှတ်နိုင်ဖို့ အလှမ်းဝေးနေဆဲပဲဖြစ်တယ်လို့ ဆိုချင်ပါတယ်။ အဲဒီလို ငြင်းလို့ခုန်လို့ကောင်းနေကြတုန်းမှာပဲ ကမ္ဘာကြီးတစ်ခုလုံးရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်းဟာ ၂၀၀၇ခုနှစ်မှာ ၅ ရာခိုင်နှုန်းရှိနေရာကနေ ၂၀၀၈မှာ ၂ဒသမ၅ ရာခိုင်နှုန်း၊ ၂၀၀၉မှာ ၀ ဒသမ ၉ ရာခိုင်နှုန်းအထိ ကျဆင်းသွားနိုင်တယ်လို့ ကမ္ဘာ့ဘဏ်က ခန့်မှန်းမှုတွေ ရှိနေပါတယ်။ ကျွမ်းကျင်သူတွေရဲ့အဆိုအရတော့ ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်း တစ်ရာခိုင်နှုန်းကျရင် ဆင်းရဲနွမ်းပါးသူအရေအတွက် သန်း ၂၀ တိုးလာမှာ ဖြစ်ပါသတဲ့။ ကြောက်စရာ ကိန်းဂဏန်းပမာဏပါပဲ။

**အခုဆက်ပြီး အဲဒီပြဿနာဟာ ကျွန်တော်တို့ မြန်မာနိုင်ငံအပေါ် ဘယ်လောက်အထိ သက်ရောက်နိုင်မှု ရှိမလဲဆိုတာကို ဆွေးနွေးချင်ပါသေးတယ်။ ပြောရရင်တော့ ကျွန်တော်တို့နိုင်ငံဟာ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်တဲ့အပြင် အမေရိကန်နဲ့ အနောက်အုပ်စုနိုင်ငံများနဲ့ ဘဏ္ဍာရေး၊ ကုန်သွယ်ရေး ဆက်ဆံမှုမရှိသလောက် နည်းပါးတဲ့အတွက် ဒီအကျပ်အတည်းမှာ တိုက်ရိုက်ထိခိုက်သက်ရောက်မှု နည်းပါးနိုင်တယ်လို့ သုံးသပ်ရပါတယ်။ ဒါပေမယ့် နိုင်ငံခြားသုံးငွေကြေး အပေးအယူနဲ့ ပို့ကုန်သွင်းကုန်ကိစ္စများနဲ့ စပ်လျဉ်းပြီး စင်ကာပူလို ဒေသတွင်းနိုင်ငံများနဲ့ ဆက်ဆံမှုများပြားတဲ့အတွက် အဲဒီနိုင်ငံတွေမှာ ဘဏ္ဍာရေးအရ ထိခိုက်မှုရှိလာတဲ့အချိန်မှာ မြန်မာနိုင်ငံကိုလည်း တစ်ဆင့်ခံသက်ရောက်မှု ရှိလာနိုင်တယ်ဆိုတာကို ထည့်သွင်းစဉ်းစားရပါမယ်။**

ကုန်သွယ်မှုအပိုင်းကိုကြည့်ရင် မြန်မာနိုင်ငံရဲ့ အဓိက ကုန်သွယ်ဖက်နိုင်ငံတွေဟာ အိန္ဒိယ၊ တရုတ်နဲ့ အာဆီယံနိုင်ငံများသာဖြစ်တဲ့အတွက် အများကြီး၊ ထိခိုက်ဖို့မရှိနိုင်ဘူးလို့ သုံးသပ်ရပါတယ်။ သို့သော် ပြည်ပနိုင်ငံများမှာ သွားရောက်အလုပ် လုပ်ကိုင်ကြတဲ့ မြန်မာအလုပ်သမားများထံမှ ပြည်တွင်းသို့ ပြန်ပို့ငွေများ လျော့ကျလာနိုင်သလို အဲဒီနိုင်ငံများမှ အလုပ်ဖြုတ်ခံရပြီး မြန်မာနိုင်ငံကို ပြန်လာကြတဲ့ အလုပ်သမားများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် ထည့်သွင်းစဉ်းစားဖို့ လိုပါလိမ့်မယ်။ ပြည်တွင်းစီးပွားရေးကဏ္ဍမှာတော့ ဟိုတယ်နဲ့ခရီးသွားလုပ်ငန်းမှာ ဦးစွာထိခိုက်နိုင်တာကို တွေ့ရပါတယ်။ ဒါ့အပြင် ပြည်ပမှ တင်သွင်းရတဲ့ ဖိမ်ခံပစ္စည်းနဲ့ ခေတ်ပေါ်ဖက်ရှင် အထည်များကဲ့သို့သော အခြေခံမကျတဲ့ အပိုသုံးသွင်းကုန်တွေ လျော့ကျလာနိုင်သလို ဖွံ့ဖြိုးပြီးနိုင်ငံများကို တစ်ဆင့်ခံသွားရောက်တဲ့ အထည်ချုပ်လုပ်ငန်းများလည်း ကျဆင်းသွားနိုင်တယ်လို့ သုံးသပ်ရပါတယ်။ အလားတူ ရေထွက်သယံဇာတ ငါးပုဇွန်တင်ပို့မှုများလည်း ကျဆင်းသွားနိုင်ပါတယ်။

**တစ်ဖက်ကလည်း မြန်မာနိုင်ငံအတွက် ကံကောင်းတဲ့ အချက်နှစ်ချက်ရှိနေသေးတယ်လို့ ဆိုနိုင်ပါတယ်။ ပထမအချက်ကတော့ ဘဏ္ဍာရေးအကျပ်အတည်းကြောင့် စက်သုံးဆီဈေးနှုန်းများ လျော့ကျလာခြင်းဖြစ်ပြီး ဒုတိယအချက်ကတော့ မြန်မာနိုင်ငံရဲ့ အဓိက ကုန်သွယ်ဖက်နိုင်ငံများဖြစ်တဲ့ အိန္ဒိယ၊ တရုတ် စတဲ့နိုင်ငံများမှာ စီးပွားရေး တိုက်ရိုက်ထိခိုက်ကျဆင်းမှု သက်သာခြင်းဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံအနေနဲ့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ စားဝတ်နေရေးအတွက် မိမိဘာသာရပ်တည်နိုင်တဲ့ အခြေအနေရှိပြီး စိုက်ပျိုးရေးကိုအခြေခံတဲ့ စီးပွားရေးဖြစ်တာမို့ ပြည်ပမှ သွင်းအားစု လိုအပ်ချက် အနည်းအကျဉ်း ရှိတာကလွဲပြီး ပြည်ပကို မှီခိုရခြင်းမရှိတဲ့အတွက် နိုင်ငံခြားငွေလိုအပ်ချက် ကြီးကြီးမားမား မရှိလှပါဘူး။ ဒါကြောင့် ဘယ်လိုပဲဖြစ်ဖြစ် မြန်မာနိုင်ငံအနေနဲ့ များများစားစား စီးပွားရေးထိခိုက်မှု မရှိနိုင်ကြောင်း သုံးသပ်ယူဆနိုင်ပါတယ်။**

နိုင်ငံတော်အစိုးရအပိုင်းကလည်း စီးပွားရေးဆိုင်ရာ တတ်သိကျွမ်းကျင်တဲ့ ပညာရှင်များနဲ့ ဆွေးနွေးညှိနှိုင်း အကြံဉာဏ်ရယူပြီး လုပ်သင့်တာတွေ၊ ကြိုတင်ဆောင်ရွက်သင့်တာတွေ လုပ်နေပြီလို့ သိရပါတယ်။ ဘယ်အစိုးရမဆို ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးရဲ့ အကျိုးစီးပွားအတွက် တတ်စွမ်းသမျှ ကာကွယ်စီမံဆောင်ရွက်နေမယ်ဆိုတာ ယုံမှားသံသယဖြစ်ဖွယ် မရှိပါဘူး။ ကျွန်တော်တို့ဆီမှာလည်း ဒီအတွေ့အကြုံမျိုးတွေကရှိခဲ့ပြီး၊ ကြုံခဲ့ပြီး၊ ကျော်လွှားအောင်မြင်ခဲ့ပြီးသား အခြေအနေမျိုးတွေပါ။ ပြောရရင် ၁၉၉၇ ခုနှစ်က ဖြစ်ပွားခဲ့တဲ့ ငွေကြေးအရှုပ်တော်ပုံပြဿနာကို အားလုံး မှတ်မိကြဦးမှာပါ။ အမေရိကန်က ငွေကြေးကစားတဲ့ ဂျော့ဆိုးရော့ဇ်ဆိုသူ ပုဂ္ဂိုလ်အကောင်းစားကြီးကြောင့် အရှေ့တောင်အာရှတစ်ခုလုံး စီးပွားရေးကျဆင်းပြီး ရုတ်ရုတ်သဲသဲဖြစ်ခဲ့ရတဲ့ အခြေအနေမျိုးကို ရင်ဆိုင်ခဲ့ရဖူးပါတယ်။ ထိုင်းနိုင်ငံ အိမ်ရာမြေဈေးကွက် (Property Market) စပြီး ပြိုကွဲတယ်။ နောက်တော့ ငွေကြေးတန်ဖိုး (Currency)တွေပါ ထိုးကျသွားပြီး အရှေ့တောင်အာရှတစ်ခုလုံးကို တောမီးလောင်သလို ပျံ့နှံ့သွားခဲ့တာပါပဲ။ နိုင်ငံအားလုံး အလုပ်လက်မဲ့ပြဿနာ၊ စီးပွားရေးကျဆင်းမှု ပြဿနာ၊ ငွေကြေးမတည်ငြိမ်မှုပြဿနာတွေနဲ့ အများကြီး ထိခိုက်နစ်နာ ဆုံးရှုံးခဲ့ရပါတယ်။ အဲဒီစီးပွားရေးပြဿနာက ဆက်နွယ်ပြီး အချို့နိုင်ငံတွေမှာ နိုင်ငံရေး ထိခိုက်မှုတွေအထိ ဖြစ်ခဲ့ရတယ်မဟုတ်လား။ နောက်ဆုံး ဒီငွေကြေးပြဿနာက ရုရှား၊ ဘရာဇီးအထိ ပျံ့နှံ့ကူးစက် ထိခိုက်စေခဲ့တယ်လို့ဆိုပါတယ်။

ပြောရရင် အရှေ့တောင်အာရှတစ်ခုလုံး အတော်လေးကို ထိခိုက်သက်ရောက်မှုတွေရှိခဲ့ပေမယ့် ကျွန်တော်တို့ နိုင်ငံမှာတော့ကြီးကြီးမားမား ပြဿနာမရှိခဲ့ပါဘူး။ ကိုယ့်နိုင်ငံရဲ့စီးပွားရေးကို တည်ငြိမ်အောင် ထိန်းချုပ်နိုင်ခဲ့သလို အချိန်တန်တော့လည်း သက်သောင့်သက်သာနဲ့ အခက်အခဲမရှိ ကျော်လွှားနိုင်ခဲ့တာပါပဲ။ အခြေခံလိုအပ်ချက်တွေ ကိုယ့်ပြည်တွင်းမှာရှိပြီးသား၊ တည်ဆောက်ပြီးသား ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နေနိုင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တဲ့အတွက် သူတစ်ပါးအပေါ် မှီခိုရပ်တည်နေတဲ့ နိုင်ငံတွေထက်တော့ ပိုပြီးအခြေခိုင်မယ် ဆိုတာ အားလုံး နားလည်ပြီး ဖြစ်ပါလိမ့်မယ်။

အလားတူ ၂၀၀၃ ခုနှစ် နှစ်ဆန်းပိုင်းလောက်တုန်းက ပြည်တွင်းမှာဖြစ်ခဲ့တဲ့ ပုဂ္ဂလိကဘဏ်တွေရဲ့ ငွေရေးကြေးရေး ပြဿနာဟာလည်း ပြန်စဉ်းစားကြည့်ရင် မနေ့တစ်နေ့ကလို ပူပူနွေးနွေးပဲ ရှိပါသေးတယ်။ အထွေထွေအကျိုးဆောင်လုပ်ငန်းတွေရဲ့ ငွေရေးကြေးရေး အရှုပ်အထွေးတွေ ကူးစက်ပြီး ပုဂ္ဂလိကဘဏ်အချို့မှာ ငွေကြေးအကျပ်အတည်းတွေ ကြုံခဲ့ရပါတယ်။ ဒါကလည်း အထွေထွေအကျိုးဆောင်လုပ်ငန်းတွေရဲ့ ပြဿနာပေါ်မူတည်ပြီး ဖြစ်လာတဲ့ ကောလာဟလတွေကြောင့် ပြည်သူတွေက ဘဏ်မှာရှိတဲ့အပ်နှံငွေအများစုကို ပြန်ထုတ်ဖို့ကြိုးစားလာခဲ့တာကြောင့် ဘဏ်တွေမှာ ငွေကြေးပြတ်လပ်မှု (Liquidity Shortage) ဖြစ်ပေါ်ခဲ့ရတာပါ။ တစ်ပိုင်းကလည်း ပုဂ္ဂလိကဘဏ်အချို့အနေနဲ့ ဗဟိုဘဏ်က ချမှတ်ထားတဲ့ အမိန့်နဲ့ ညွှန်ကြားချက်တွေကို လိုက်နာမှု အားနည်းတာလည်း တစ်ချက်ပါဝင်ခဲ့ပါတယ်။ ဒါ့အပြင် ငွေအပ်နှံသူများအနေနဲ့ ဘဏ်လုပ်ငန်းအပေါ် နားလည်ယုံကြည်မှု အားနည်းတာလည်း ပါပါတယ်။

ဒါပေမယ့် နိုင်ငံတော်အနေနဲ့ အဲဒီဘဏ်ငွေကြေး အကျပ်အတည်း ပြေလည်စေဖို့အတွက် ဘဏ်များကြီးကြပ်ရေးကော်မတီကို အမြန်ဆုံးဖွဲ့စည်းပြီး ဘဏ်များကို အချိန်မီ ကြီးကြပ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် နိုင်ငံတော်ဗဟိုဘဏ် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ☆

မြန်မာနိုင်ငံအတွက် ကံကောင်းတဲ့အချက်နှစ်ချက် ရှိနေသေးတယ်လို့ ဆိုနိုင်ပါတယ်။ ပထမအချက်ကတော့ ဘဏ္ဍာရေးအကျပ်အတည်းကြောင့် စက်သုံးဆီဈေးနှုန်းများ လျော့ကျလာခြင်းဖြစ်ပြီး ဒုတိယအချက်ကတော့ မြန်မာနိုင်ငံရဲ့ အဓိကကုန်သွယ်ဖက် နိုင်ငံများဖြစ်တဲ့ အိန္ဒိယ၊ တရုတ် စတဲ့နိုင်ငံများမှာ စီးပွားရေးတိုက်ရိုက်ထိခိုက်ကျဆင်းမှု သက်သာခြင်းဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံအနေနဲ့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ စားဝတ်နေရေးအတွက် မိမိဘာသာ ရပ်တည်နိုင်တဲ့ အခြေအနေရှိပြီး စိုက်ပျိုးရေးကိုအခြေခံတဲ့ စီးပွားရေးဖြစ်တာမို့ ပြည်ပမှ သွင်းအားစုလိုအပ်ချက် အနည်းအကျဉ်းရှိတာကလွဲပြီး ပြည်ပကိုမှီခိုရခြင်းမရှိတဲ့အတွက် နိုင်ငံခြားငွေလိုအပ်ချက် ကြီးကြီးမားမားမရှိလှပါဘူး။ ဒါကြောင့် ဘယ်လိုပဲဖြစ်ဖြစ် မြန်မာနိုင်ငံအနေနဲ့ များများစားစား စီးပွားရေးထိခိုက်မှုမရှိနိုင်ကြောင်း သုံးသပ်ယူဆနိုင်ပါတယ်။

## ပန်းဝါသနာရှင်အသင်း (၁၅)နှစ်ပြည့် ပွဲတော်ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်း၏ (၁၅)နှစ်ပြည့် အထိမ်းအမှတ်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၃၀ရက်မှ ဖေဖော်ဝါရီ ၃ရက်အထိ ငါးရက်တိုင်တိုင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အထိမ်းအမှတ်ပွဲတွင် ပြပွဲပြိုင်ပွဲများအနေဖြင့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြပွဲများ၊ ပန်းအလှနှင့် သစ်သီးအလှပြပွဲပြိုင်ပွဲများ၊ ဓာတ်ပုံနှင့် ပန်းချီပြပွဲပြိုင်ပွဲများ၊ ပန်းမန်အလှဖြင့် ဆင်ယင်ထုံးဖွဲ့ထားသော လှယဉ်ကျေးမယ်ပြိုင်ပွဲများပါရှိပြီး ဖျော်ဖြေတင်ဆက်မှုအနေဖြင့် အသက်အရွယ်အလိုက်ပျော်ပွဲရွှင်ပွဲများ၊ Golden Lion Co-op Ltd.မှ တေးသရုပ်ဖော်နှင့် အလှပြပွဲများ၊ Happy World မှ မျက်လှည့်ပွဲများဖြင့် အခမဲ့ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဈေးရောင်းပွဲတော်အတွက် Golden Lion Co-op Ltd. မှ ဈေးဆိုင်များ ဖွင့်လှစ်ရောင်းချရန် စီစဉ်ပေးသွားမည်ဖြစ်ပြီး အသင်းမှ ပျိုးပင်ပန်းပင်များ၊ ယင်းအတွက်လိုအပ်သော ဆေးဝါးအရောင်းဆိုင်များ၊ စားသောက်ဆိုင် များကို တာဝန်ယူစီစဉ်ပေးသွားမည်ဖြစ်သည်။ ဈေးရောင်းပွဲတော်အတွက် ဆိုင်ခန်းများကို ရွှေခြင်္သေ့ Golden Lion General Trading Co-op Ltd. ဖုန်း-၀၁-၃၇၁၈၀၀၊ ၀၁-၆၃၆၅၀၉၊လိုင်းခွဲ ၃၉၄၊၄၀၈၊ ၀၉၅၀ ၃၁၆၆၀၊ ၀၉၅၁ ၇၃၀၇၆ တို့သို့လည်းကောင်း၊ Sponsor ပေးလိုသောကုမ္ပဏီများ၊ ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်လိုကြသူများ၊ ကြော်ငြာ Board များ၊ Vinyl Sheet ချိတ်ဆွဲလိုသော လုပ်ငန်းရှင်များ၊ ပျိုးပင်၊ ပန်းပင်၊ ဆေးဝါးဆိုင်များနှင့် စားသောက်ဆိုင်ဖွင့်လိုသူများသည် ဆိုင်ခန်း (၁၀' x ၂၀' x ၈')ရှိ အခန်းတစ်ခန်းလျှင် ငွေကျပ်ငါးသောင်းနှုန်းဖြင့် မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်း ဖုန်း-၀၁-၃၇၉၃၆၁၊ E-mail: orchid@mptmail.net.mm သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## သမဝါယမဘဏ်လီမိတက်၏ အစုရှယ်ယာရှင်များနှစ်ပတ်လည် အထွေထွေအစည်းအဝေးသို့ ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် တက်ရောက် အမှာစကားပြောကြား

ရန်ကုန် ဒီဇင်ဘာ ၁၇

**သမဝါယမဘဏ်လီမိတက်(အများပိုင်ဘဏ်)၏ အစုရှယ်ယာရှင်များ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ ရှေးဦးစွာ သမဝါယမဘဏ်လီမိတက်နာယက သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်တက်ရောက်၍ အမှာစကားပြောကြားရာတွင် သမဝါယမဘဏ်အနေဖြင့် နိုင်ငံတော်၏ ငွေကြေးဆိုင်ရာ မူဝါဒများအရ အကောင်အထည်ဖော်ဆောင်ရွက်ရသကဲ့သို့ တစ်ဖက်တွင်လည်း ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ၊ နည်းဥပဒေနှင့် ဗဟိုဘဏ်က ချမှတ်ထားသည့် ဥပဒေများကို လိုက်နာအကောင်အထည်ဖော်ရသော အဖွဲ့အစည်းဖြစ်ကြောင်း။**

သမဝါယမဘဏ် အနေဖြင့် နိုင်ငံတော်က ဆောင်ရွက်နေသည့် စီးပွားရေးကဏ္ဍစုံ တိုးတက်လာရေးအတွက် ငွေကြေးအရင်းအနှီး ဖြည့်ဆည်းပေးမည့် ပင်မရေသောက်မြစ်ဖြစ်ရန် အထူးလိုအပ်ကြောင်း၊ သမဝါယမအသင်းများနှင့် ပုဂ္ဂလိကများအား ငွေကြေးများ တိုးတက်ထုတ်ချေးလာနေသည်ကိုလည်း တွေ့ရကြောင်း၊ လယ်ယာကဏ္ဍ၊ စက်မှုနှင့် ပြည်ပပို့ကုန်တင်ပို့ရေးတွင် အထူးအာရုံစိုက် ဆောင်ရွက်သွားကြရန် လိုကြောင်း။

ထို့အပြင် တစ်နှစ်ထက် တစ်နှစ် ချေးငွေ၊ အပ်ငွေများ တိုးတက်လာသည်ကို တွေ့ရကြောင်း၊ ဘဏ်ခွဲများ ၁၆ခုအထိ ဖွင့်လှစ်နိုင်ခဲ့သည့် အတွက်လည်း မတည်ရင်းနှီးငွေ၊ အပ်နှံငွေ၊ အမြတ်ငွေများ တိုးတက်လာသကဲ့သို့ အစုပေါ် အမြတ်ငွေများ အနေဖြင့်လည်း ၂၀၀၆-၂၀၀၇ခုနှစ်တွင် ၁၇ရာခိုင်နှုန်း၊ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ၂၂ ရာခိုင်နှုန်းအထိ တိုးတက်များပြားစွာ ခွဲဝေပေးနိုင်ခဲ့ကြောင်း၊ ၂၀၀၇-၂၀၀၈ခုနှစ်တွင် ငွေကျပ် ၁၀၀၀၀တန် အစုတစ်စု၏ တန်ဖိုးသည်လည်း ငွေ ၁၅၆၅၈ကျပ် အထိ တိုးတက်လာပြီး ၂၀၀၈-၂၀၀၉ခုနှစ် ယခုအချိန်တွင် ငွေကျပ် ၁၀၀၀၀တန် အစုရှယ်ယာတစ်စု၏ တစ်ဖိုးသည် ငွေကျပ် ၂၀၀၀၀ခန့်ရှိသည့်အတွက် တောင့်တင်းခိုင်မာသည့် ဘဏ်ကြီးဖြစ်သည်ကို တွေ့ရကြောင်း ဖြင့်ပြောကြားသည်။

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ သဘာပတိ သမဝါယမဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးခင်မောင်အေးက အမှာစကား ပြောကြားပြီး တာဝန်ရှိသူများက ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ၊ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေး ရှင်းတမ်းများ၊ စာရင်းစစ်အစီရင်ခံစာနှင့် အစုရှယ်ယာများအပေါ် အမြတ်ခွဲဝေမှုတို့ကို ဖတ်ကြားတင်ပြ၍ အတည်ပြုချက်ရယူကာ ဥက္ကဋ္ဌ ဦးခင်မောင်အေး ဦးဆောင်သည့် ဒါရိုက်တာအဖွဲ့သစ်ကို အစုရှယ်ယာရှင်များက ရွေးချယ်တင်မြှောက်ကြပြီး ဥက္ကဋ္ဌ ဦးခင်မောင်အေးက နိဂုံးချုပ် အမှာစကားပြောကြားသည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၁၂-၂၀၀၈ (ကြာသပတေးနေ့)

| AM & PM | |
|---|---|
| ၇:၀၀ - ၁:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ - ၁:၀၅ | "ဉာဏ်စဉ်ရှင်းတမ်း"တရားတော် (မဃဒေဝရတနာဆရာတော် ဘဒ္ဒန္တပဏ္ဍိတ) |
| ၇:၅၅ - ၁:၅၅ | အညာဒေသစပါးအထွက်တိုးစေမည့် ပခုက္ကူခရိုင်မှ ကြီးရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်း |
| ၈:၂၀ - ၂:၂၀ | တေးဂီတအစီအစဉ် |
| ၈:၂၅ - ၂:၂၅ | 7th December 2008 Mandalay Hill Resort Hotel တွင်ကျင်းပခဲ့သော Mandalay FM Radio Station မိတ်ဆက်ပွဲအခမ်းအနား |
| ၈:၅၀ - ၂:၅၀ | Activities In The City (အနန္တမေတ္တာမြတ်ဆရာနှင့် အာရှရေကြောင်းပညာတက္ကသိုလ်) |
| ၉:၁၀ - ၃:၁၀ | တေးဂီတအစီအစဉ် |
| ၉:၁၅ - ၃:၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၂၅ - ၃:၂၅ | ပြည်တွင်းအနုပညာရေးရာ |
| ၉:၄၅ - ၃:၄၅ | တေးဂီတအစီအစဉ် |
| ၉:၅၀ - ၃:၅၀ | မတော်တဆထိခိုက်ဒဏ်ရာရခဲ့လျှင် သတိပြုလိုက်နာရမည့် အချက်များ(အပိုင်း-၂) (ပါမောက္ခဒေါက်တာဦးနေဝင်း) |
| ၁၀:၂၀ - ၄:၂၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၂၅ - ၄:၂၅ | တေးဂီတအစီအစဉ် |
| ၁၀:၃၀ - ၄:၃၀ | စားချင်စဖွယ်နည်းအသွယ်သွယ် [မန္တလေးညှပ်ခေါက်ဆွဲ(ဆန်ခေါက်ဆွဲအပြားသုပ်)ပြုလုပ်နည်း] |
| ၁၀:၄၅ - ၄:၄၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀:၅၀ - ၄:၅၀ | အသက်ကလေးရယ်တဲ့ရှည်စေလို (ဦးအောင်လွင်၊ဦးကြည်စိုး၊ငှက်ပျောကြော်၊ထင်ပေါ်၊ မေထွဋ်ခေါင်၊မျိုးမျိုးခိုင်) (ဒါရိုက်တာ-ကြည်စိုး) |
| ၁၁:၀၅ - ၅:၀၅ | တေးဂီတအစီအစဉ် |
| ၁၁:၁၀ - ၅:၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁:၂၀ - ၅:၂၀ | သဘာဝကပေးတဲ့အကျိုးအာနိသင် |
| ၁၁:၄၀ - ၅:၄၀ | တေးဂီတအစီအစဉ် |
| ၁၁:၄၅ - ၅:၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁:၅၀ - ၅:၅၀ | အနုပညာရုပ်ဝန်းမှရင်ခုန်သံများ "စက္ကူငှက်" |
| ၁၂:၁၅ - ၆:၁၅ | Yangon Panorama (မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း MWEA ၏ အသင်းဝင်များနေ့အခမ်းအနား) |
| ၁၂:၃၀ - ၆:၃၀ | သီးနှံစိုက်ပျိုးအထွက်တိုး "မတ်ပဲအထွက်တိုးစေရာစိုက်ပျိုးနည်းပညာ" |
| ၁၂:၃၅ - ၆:၃၅ | တေးဂီတအစီအစဉ် |
| ၁၂:၄၀ - ၆:၄၀ | ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ချိုချိုမြင့်နှင့်တွေ့ဆုံခြင်း) |
| ၁:၀၀ - ၇:၀၀ | MRTV-4 အပိတ် Logo |

**MRTV-4** အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

### Toyota Cup ဘောလုံးပွဲစဉ်များ

| နေ့လယ်ပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁:၅၅ | AL Ahly-Adelaide United | Star Sports (Live) |
| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
| ၄:၅၅ | Gamba Osaka-Manchester United | Star Sports (Live) |

## မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း နှစ်ပတ်လည်အစည်းအဝေး၊ မိတ်ဆုံညစာစားပွဲနှင့် သုတေသနစာတမ်းဖတ်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း၏ ပဉ္စမအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် မိတ်ဆုံညစာစားပွဲကို ဒီဇင်ဘာ ၂၆ရက်ညနေ ၅နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ IBCခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် ဘူမိဗေဒမိတ်ဆွေများအားလုံး တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

**နှီးဆော်ထား**

သုတေသန စာတမ်းဖတ်ပွဲကို ဒီဇင်ဘာ ၂၆ရက် နံနက် ၉နာရီတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ကျင်းပမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူများတက်ရောက်ကြရန် နှီးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

☆ **စာမျက်နှာ ၆ ဆောင်းပါးမှအဆက်**

အနေနဲ့ ပုဂ္ဂလိကဘဏ်အချို့ရဲ့ ငွေကြေး ပြတ်လပ်မှုကို ကုစားနိုင်ဖို့အတွက် အစိုးရငွေတိုက်စာချုပ်ကို အာမခံပြုပြီး ကျပ် ၅၉ ဒသမ ၉၀ ဘီလီယံ ထုတ်ချေးခဲ့ပါတယ်။ သို့သော်အဲဒီချေးငွေနဲ့ မလုံလောက်သေးတဲ့အတွက် အပြည်ပြည်ဆိုင်ရာ သတ်မှတ်ချက်များအတိုင်း Lender of Last Resort အနေနဲ့ ဗဟိုဘဏ်နဲ့ မြန်မာ့စီးပွားရေးဘဏ်တို့ကနေ လုံလောက်တဲ့အာမခံရယူပြီး ပုဂ္ဂလိကဘဏ် ၁၃ဘဏ်ကို Credit Line ချေးငွေအဖြစ် ကျပ် ၅၀ ဒသမ ၆၈ ဘီလီယံ ထပ်ပြီး ထုတ်ချေးပေးခဲ့ပါတယ်။ စုစုပေါင်းကျပ် ၁၁၀ ဒသမ ၅၈ ဘီလီယံ ထုတ်ချေးပေးခြင်းအားဖြင့် အချိန်မီ ကုစားနိုင်ခဲ့ပါတယ်။ ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလလောက်က စခဲ့တဲ့ ဘဏ်ပြဿနာအပေါ် နိုင်ငံတော်က အဲဒီလို အချိန်မီဝင်ရောက်ထိန်းသိမ်း ကုစားပေးနိုင်ခဲ့တဲ့အတွက် ပြည်သူများအနေနဲ့ ဘဏ်လုပ်ငန်းစနစ်အပေါ် ယုံကြည်မှုပြန်လည်ရရှိလာပြီး ပုဂ္ဂလိကဘဏ်များရဲ့ အခြေအနေဟာ ၂၀၀၄ခုနှစ် ဇန်နဝါရီလမှာ ပုံမှန်အခြေအနေကို ပြန်ရောက်လာနိုင်ခဲ့ပါတယ်။ ဒါတွေကို ကျွန်တော်ပြန်ပြောနေရတာက နိုင်ငံတော် အနေနဲ့ အရေးကြုံလာရင် ဒီလိုဆောင်ရွက်ပေးနိုင်တယ်။ ဆောင်ရွက်ပေးခဲ့ဖူးတဲ့ အတွေ့အကြုံလည်းရှိတယ်။ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး အကျိုးစီးပွားအတွက် အပြည့်အဝ ရပ်တည်ကာကွယ် ဆောင်ရွက်ပေးနေတယ်ဆိုတာကို ထင်ရှားစေချင်လို့ပါပဲ။

နောက်သာဓကတစ်ခု ပြောပါဦးမယ်။ စီးပွားရေးပြဿနာ မဟုတ်ပေမယ့် စီးပွားရေးပြဿနာတွေထက် ပိုပြီးကြီးမားတဲ့ ထိုးနှက်မှုတစ်ခုပါ။ အဲဒါကတော့ ပြီးခဲ့တဲ့ မေလဆန်းက တိုက်ခတ်သွားခဲ့တဲ့ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြီးပါပဲ။ နာဂစ်ဆိုင်ကလုန်း မုန်တိုင်းကြီးကြောင့် ကျွန်တော်တို့နိုင်ငံမှာ ဘယ်လောက်အထိ သေကျေပျက်စီး ထိခိုက်ဆုံးရှုံးမှုတွေရှိခဲ့တယ်ဆိုတာ အားလုံးသိထားကြပြီးသားပါ။ နိုင်ငံရဲ့သမိုင်းတစ်လျှောက်မှာ ဒီလောက်အထိ သေကျေပျက်စီးထိခိုက်ဆုံးရှုံးမှု ကြီးမားတဲ့ သဘာဝဘေးမျိုး တစ်ကြိမ်တစ်ခါဖူးမျှ မကြုံဖူးခဲ့လေတော့ သာမန်အနေနဲ့ တွေးကြည့်ရင် ခြေမကိုင်မိ လက်မကိုင်မိဖြစ်ပြီး လုံးဝပြိုလဲသွားချင်စရာပါပဲ။ အဲဒီလိုပဲ ကျွန်တော်တို့နိုင်ငံအပေါ် အဆိုးမြင်နေတဲ့ ပြည်ပမီဒီယာပေါင်းစုံကနေ မြန်မာနိုင်ငံဟာ ဘယ်လိုမှပြန်ပြီး အဖတ်ဆယ်လို့မရနိုင်တော့ဘူး၊ မြန်မာအစိုးရအနေနဲ့ ဒီပြဿနာကိုဘယ်လိုမှ နိုင်နင်းအောင် ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်နိုင်စွမ်းရှိမှာ မဟုတ်ဘူး၊ အစိုးရရဲ့ စီမံဆောင်ရွက်ပုံ ညံ့ဖျင်းမှုကြောင့် အငတ်ဘေး ကြုံလိမ့်မယ်၊ ကပ်ရောဂါဘေးတွေ ကျရောက်လိမ့်မယ်၊ လူပေါင်းသိန်းနဲ့ချီအောင် ထပ်ပြီးသေကြကျေကြလိမ့်ဦးမယ်။ မြန်မာနိုင်ငံစီးပွားရေး ဘုံးဘုံးလဲပြီး အစိုးရပါ ပြိုကွဲသွားနိုင်တယ် စသည်စသည်ဖြင့် မလိုတမာစကားတွေနဲ့ အမျိုးမျိုး ပုံကြီးချဲ့ ဟောကိန်းထုတ်ခဲ့ကြတာ မှတ်မှတ်ရရကြီးကို မှတ်မိနေပါသေးတယ်။

သူတို့ဘယ်လိုပြောပြော အခုအချိန်မှာ ဘာတွေဖြစ်နေသလဲ၊ လက်တွေ့ မြင်နိုင်၊ သိနိုင်ပါတယ်။ နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ တက်ညီလက်ညီ ပူးပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တဲ့အတွက် လေဘေးသင့်ဒေသတွေဟာ အခုလို အချိန်တိုအတွင်းမှာ မူလအခြေအနေကို ပြန်ရောက်လာနိုင်ခဲ့ပါပြီ။ ရပ်နီးရပ်ဝေး ပြည်သူအားလုံးရဲ့ ကူညီလှူဒါန်း ပံ့ပိုးဆောင်ရွက်မှုတွေ၊ ပြည်တွင်းကုမ္ပဏီကြီးများရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ၊ နိုင်ငံတကာ အလှူရှင်များရဲ့ လှူဒါန်းမှုတွေကြောင့် လေဘေးသင့်ပြည်သူများရဲ့ အရေးပေါ်ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်တည်ဆောက်ရေး လုပ်ငန်းစဉ်များအားလုံး ချောမွေ့အောင်မြင်ခဲ့ပါတယ်။ ဒါ့အပြင် နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့အညီ ရေရှည်သဘာဝဘေးကာကွယ်ရေး အစီအမံတွေကိုပါ ထပ်ပေါင်းလိုက်တဲ့အခါကျတော့ မြေအုတ်တို့ပြိုလဲရာမှာ ကျောက်အုတ်တို့ဖြင့် အစားထိုး တည်ဆောက်နိုင်ရမည် ဆိုတဲ့စကားအတိုင်း တကယ့်ကို မူလအခြေအနေထက်မြင့်မားတဲ့ အဆင့်တစ်ခုကို အောင်မြင်စွာ ဆောင်ကြဉ်းပို့ဆောင်ပေးနိုင်ခဲ့ပါပြီ။ လေဘေးသင့်ဒေသ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေးနှင့် သဘာဝဘေးဒဏ်မှ ရေရှည်ကာကွယ်နိုင်ရေးလုပ်ငန်းများအတွက် ကျခံသုံးစွဲခဲ့ရတဲ့ ငွေကြေးပမာဏကလည်း အံ့မခန်းပါပဲ။ နိုင်ငံတော်က ကျပ် ၈၈ ဒသမ ၄၄ ဘီလီယံ စိုက်ထုတ်ကျခံသုံးစွဲပေးခဲ့ပြီး ပြည်တွင်းက အလှူရှင်တွေရဲ့ လှူဒါန်းငွေ ပမာဏကလည်း ကျပ် ၄၂ ဒသမ ၃၂ ဘီလီယံ ရှိခဲ့ပါတယ်။ ဒါကြောင့် လေဘေးအတွက် ပြည်တွင်းကတင် သုံးစွဲခဲ့တဲ့ ငွေကြေးပမာဏ ၁၃၀ ဒသမ ၇၆ ဘီလီယံ ရှိခဲ့ပါတယ်။ ဒါ့အပြင် ဆားလုပ်ငန်းအတွက် ဘဏ်ချေးငွေနဲ့ ကျပ် ရှစ်ဘီလီယံ သုံးပြီး ပြန်လည်ထူထောင်ပေးမှာဖြစ်လို့ စုစုပေါင်း ၁၃၈ ဒသမ ၇၆ ဘီလီယံတောင် သုံးစွဲကုန်ကျခဲ့တယ် ဆိုရမှာပါပဲ။ ဒါဟာ မပြီးဆုံးသေးပါဘူး။ ဆက်ပြီးလည်း စိုက်ထုတ်ကျခံ ထူထောင်တည်ဆောက်ပေးနေဦးမှာပါ။ ချမ်းသာတဲ့ နိုင်ငံတစ်နိုင်ငံ မဟုတ်ပေမယ့် နိုင်ငံနဲ့ပြည်သူအတွက် တကယ်လိုအပ်လာပြီဆိုတဲ့ အချိန်မျိုးမှာ နိုင်ငံတော်ရဲ့ ရပ်တည်စွမ်းဆောင် ပံ့ပိုးပေးနိုင်စွမ်းက တကယ်ကို အသိအမှတ်ပြုထိုက်လှပါတယ်။

ဘာပဲပြောပြော'နာဂစ်'လို ဒီလောက်ကြီးမားတဲ့ ပြဿနာအခက်အခဲကိုတောင် ကျွန်တော်တို့ ပြည်တွင်းအားနဲ့ တညီတညွတ်တည်း စုပေါင်းရင်ဆိုင်ကျော်လွှား အောင်မြင်နိုင်ခဲ့တာ အထင်အရှားပါပဲ။ နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့ တပ်မတော်ဆိုတဲ့ အင်အားစုသုံးရပ်ပေါင်းစည်းလက်တွဲ ညီညွတ်ပြီး ကြံ့ကြံ့ခိုင်ခိုင် ရင်ဆိုင်ဖြေရှင်းမယ်ဆိုရင် ဘယ်လိုအခက်အခဲ ပြဿနာမျိုးကိုမဆို ကျော်လွှားနိုင်မှာ အမှန်ပါပဲလို့ ယုံကြည်မိပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့အနေနဲ့ ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်း ဆိုတာကြီးကို ထိတ်လန့်ကြောက်ရွံ့နေဖို့ မလိုပါဘူးလို့ ရဲရဲကြီး ပြောလိုက်ချင်ပါတယ်။ ။

# နိုင်ငံခြားရေးဝန်ကြီး ဦးညဏ်ဝင်း ကာတာနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၁၈**

၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၁၈ရက်တွင် ကျရောက်သော ကာတာနိုင်ငံ၏ လွတ်လပ်ရေးနေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ ကာတာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ရှိတ် ဟာမတ် ဘင် ယာဆင် ဘင်ဂျာဘီ အယ်(လ်)သာနီ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)



**မဏိပူရ ရေလှောင်တမံ**

**မဏိပူရ ရေလှောင်တမံ ဘက်စုံစီမံကိန်းကို တွေ့ရစဉ်။**
(သတင်းစဉ်)

**✳ ရှေ့ဖုံးမှ**

၂၉၇၅၀ ရှိသဖြင့် မြန်မာနိုင်ငံတွင် တမံအလျားအရှည်ဆုံး ရေလှောင်တမံ ဖြစ်သည်။ ရေလှောင်နိုင်မှုပမာဏမှာ ဧကပေ ၃၇၇၆၀၀ရှိပြီး ရေအားလျှပ်စစ်ကို မဂ္ဂါဝပ် ၂၀ တာဘိုင်နှစ်လုံးမှ မဂ္ဂါဝပ် ၄၀ ဖြင့် တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၁၇၀ ထုတ်လုပ်ပေးနိုင်မည် ဖြစ်သည်။ ဆည်ရေသောက်ဧရိယာ ဧက ၁၂၀၀၀ ကိုလည်း စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်သည်။

တိုင်းမှူး၊ ဝန်ကြီးများနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်း ကလေးမြို့နယ်အတွင်းရှိ မဏိပူရမြစ်ပေါ်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)က တည်ဆောက်လျက်ရှိသော မဏိပူရ ရေလှောင်တမံဘက်စုံစီမံကိန်းသို့ ရောက်ရှိကြပြီး ရေယူဥမင်(၁/၂) နှင့် ရေလွှဲဥမင်(၁/၂)အတွင်း ဥမင်ဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

မဏိပူရရေလှောင်တမံ ဘက်စုံစီမံကိန်းသည် တမံအလျား ၂၄၄၄ ပေ၊ အမြင့် ၅၂၇ပေ၊ ရေလှောင်ပမာဏ ဧကပေ၁၂ ဒသမ ၆သိန်းရှိသည့် ကျောက်ဖြည့်တမံအမျိုးအစားဖြစ်ပြီး မြန်မာနိုင်ငံတွင် တမံအမြင့်ဆုံး ရေလှောင်တမံ စီမံကိန်းဖြစ်သည်။

၎င်းစီမံကိန်းမှ ရေအားလျှပ်စစ် တပ်ဆင်ဓာတ်အား ၉၅ မဂ္ဂါဝပ် တာဘိုင်လေးလုံးမှ မဂ္ဂါဝပ် ၃၈၀ ဖြင့် တစ်နှစ်လျှင် ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၉၀၃ သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။ မြစ်သာမြစ် လွင်ပြင်၌ နှစ်စဉ်ရေကြီးမှုကို ကာကွယ်ပေးနိုင်ပြီး ကလေးဝအောက်ပိုင်း ချင်းတွင်းမြစ်တစ်လျှောက် ရေကြီးမှုကို လျှော့ချနိုင်ကာ လယ်မြေဧက ၅၀၀၀၀ ခန့်ကိုလည်း ဆည်ရေပေးဝေနိုင်မည့် စီမံကိန်းဖြစ်သည်။

တိုင်းမှူး၊ ဝန်ကြီးများနှင့် အဖွဲ့သည် မွန်းလွဲ ၂နာရီခွဲတွင် ဂန့်ဂေါမြို့သို့ရောက်ရှိကြ၍ ခုတင် ၁၀၀ဆံ့ သံကူကွန်ကရစ် နှစ်ထပ်တိုးချဲ့ လူနာဆောင်နှင့် ခွဲစိတ်ခန်းသစ် တည်ဆောက်နေမှုတို့ကို လည်းကောင်း၊ ဆေးရုံကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လူနာများအား ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများနှင့်အဖွဲ့သည် ဂန့်ဂေါခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ်တို့မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားကြသည်။ (သတင်းစဉ်)

# မြိတ်အထက(၂) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

တနင်္သာရီတိုင်း မြိတ်မြို့ အထက(၂) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော အဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၂ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ဦးမောင်လှ ဖုန်း-၀၁-၅၁၄၉၆၉၊ ၅၄၁၆၂၂၊ ဦးရဲဆွေ ဖုန်း-၀၁-၅၁၈၄၃၀၊ ဦးသွင်စိန် ဖုန်း-၀၅၉-၄၁၄၂၅၊ ဒေါ်သိန်းသိန်းဌေး(ကျောင်းအုပ်ကြီး) ဖုန်း-၀၅၉-၄၁၇၈၈၊ ဒေါ်သီတာဖြူ(ကျောင်းအုပ်ကြီး-ငြိမ်း) ဖုန်း-၀၉-၈၇၆၃၁၀၉၊ ဦးတန်စိုး ဖုန်း-၀၅၉-၄၁၅၇၇၊ ဦးတင်ငယ် ဖုန်း-၀၅၉-၄၁၁၂၇၊ ဦးထွန်းဦး ဖုန်း-၀၅၉-၄၂၁၁၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)




**အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးမြင့် 2.5 ton Vibrating Roller အားမောင်းနှင်၍ ရဲရွာရေအားလျှပ်စစ်စီမံကိန်း RCC ကွန်ကရစ်သွန်းလောင်းခြင်းလုပ်ငန်းကို အပြီးသတ်ဆောင်ရွက်ပေးစဉ်။** (သတင်းစဉ်)

# ရဲရွာရေအားလျှပ်စစ်စီမံကိန်း RCC ပင်မတမံ ကွန်ကရစ်သွန်းလောင်းခြင်းလုပ်ငန်း အပြီးသတ်ဆောင်ရွက်ခြင်း အခမ်းအနား ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၇

**မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁မိုင်အကွာ ရဲယမန်း ကျေးရွာအနီး မြစ်ငယ်မြစ်ပေါ်၌ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂)တည်ဆောက်ရေးက တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်း၏ RCC ပင်မတမံ ကွန်ကရစ်သွန်းလောင်းခြင်းလုပ်ငန်း အပြီးသတ်ဆောင်ရွက်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် အဆိုပါ ရဲရွာရေအားလျှပ်စစ်စီမံကိန်း၌ ကျင်းပသည်။**

အခမ်းအနားသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Guan Mu နှင့်အဖွဲ့ဝင်များ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် အဖွဲ့ဝင်များသည် RCC ပင်မတမံကွန်ကရစ် သွန်းလောင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် 2.5 ton Vibrating Roller အား မောင်းနှင်၍ RCC ပင်မတမံ ကွန်ကရစ် သွန်းလောင်းခြင်းလုပ်ငန်းကို အပြီးသတ်ဆောင်ရွက်ပေးသည်။

အဆိုပါ ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် RCC ကွန်ကရစ်ပင်မတမံအလျား ၂၂၆၄ပေ၊ အမြင့် ၄၃၃ပေ၊ တမံ RCC ကွန်ကရစ် ထုထည် ၈၇၀၆၇၇ကျင်းရှိ၍ စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၇၉၀ ရှိမည့် စီမံကိန်းဖြစ်သည်။

မြန်မာနိုင်ငံ၌ ပထမဦးဆုံး တည်ဆောက်သော RCC အမျိုးအစား ကွန်ကရစ်တမံဖြစ်ရာ ကမ္ဘာပေါ်တွင် ဆောင်ရွက်ပြီး RCC ကွန်ကရစ် သွန်းလောင်းမှုနှုန်း အမြန်ဆုံးစာရင်းတွင် အမှတ်စဉ်(၉) နေရာ၌ ရပ်တည်သော တမံဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်လှအောင်သိန်း ကာကွယ်ရေးဝန်ကြီးဌာနရုံး ဌာနအသီးသီးရှိ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ၏ စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာန စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ကာကွယ်ရေးဝန်ကြီးဌာနရုံး ဌာနအသီးသီးရှိ အရာရှိ၊ အရာခံ၊ အကြပ်၊စစ်သည်များ၏ စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို ယနေ့နံနက် ၈နာရီခွဲတွင် နေပြည်တော်ရှိ ကျန်စစ်သားရိပ်သာ၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်လှအောင်သိန်းနှင့်တာဝန်ရှိသူများ ကြည့်ရှုအားပေးကြသည်။

အဆိုပါ ပြိုင်ပွဲသို့ အရာရှိအဆင့် ၄၅ဦး၊ အရာခံအဆင့် ၅၆ဦး၊ အကြပ်အဆင့် ၆၄ဦး၊ တပ်သားအဆင့် ၃၄ဦး စုစုပေါင်း ၁၉၉ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ (သတင်းစဉ်)

❒ **ကျောဖုံးမှ**

ကျောက်ချခြင်း၊ သံလမ်းအတွင်းကျောက်ဖြည့်ခြင်း ဆောင်ရွက်နေမှုများ၊ သံလမ်းမျက်နှာပြင် ညီမညီ တိုင်းတာခြင်းများကို ကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ ဖန်ခါးပင်တွင် သံလမ်းခင်းခြင်း၊ ဇလီဖားတုံးခင်းခြင်း၊ သံလမ်းဆက်ခြင်း၊ ဇလီဖားတုံး အပေါက်ဖောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသော မြန်မာ့မီးရထားမှ ဝန်ထမ်းများအား ကြည့်ရှုအားပေးကြပြီး တိုင်းမှူးက ဂုဏ်ပြုဆုငွေများကို ချီးမြှင့်သည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကျောက်ပွင့်(၂)ရထားလမ်းနှင့် ကားလမ်းဖြတ်ကူးမည့်နေရာတွင် ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဉသျှစ်ပင်-ကံမရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စီမံကိန်းအင်ဂျင်နီယာ ဦးမျိုးဝင်းက ရထားလမ်းဖောက်လုပ်ပြီးစီးမှုနှင့် လုပ်ငန်းတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းပေးကြကာ အရှည် ၇၁၅ပေရှိ မဒေးချောင်းတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် ကံမဘူတာဆောက်လုပ်ပြီးစီးမှု၊ ဘူတာယာဒ်ဝင်းအတွင်း ရထားသံလမ်းခင်းရန် မြေသားလမ်းပြီးစီးမှုနှင့် ဘူတာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ **သက္ကယ်ကျင်းမှ**

အတားအဆီး တစ်ခုဖြစ်သည်။ မိုးရာသီတွင် ရေစီးကြမ်းတမ်းသော ဉရုမြစ်ကို ဖြတ်သန်းရန်အတွက် ခက်ခဲကြန့်ကြာခြင်းနှင့်ဘေးအန္တရာယ်များပြားခြင်းတို့သည် လမ်းပန်းဆက်သွယ်ရေးကိုခက်ခဲစေပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကိုနှောင့်နှေးစေခဲ့သည်။

ထိုအခက်အခဲများကို ကျော်ဖြတ်နိုင်ရန်အတွက် နိုင်ငံတော် အစီအမံဖြင့်ဉရုမြစ်ကူး သံမဏိသံပေါင်ကြိုးတံတားကို ၂၀၀၄ခုနှစ် မေလ ၂၅ ရက်နေ့တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့(၁၁)မှ စတင်တည်ဆောက်ခဲ့သည်။

ဉရုမြစ်ကူးတံတားသည် နောင်ပိုအောင် စံပြကျေးရွာ၏ တောင်ဘက်နှစ်ဖာလုံအကွာတွင် တည်ရှိပြီး ချဉ်းကပ်လမ်း အရှည်ပေ ၆၈၀၀၊ ပင်မတံတားအရှည်ပေ ၁၀၉၀၊ ချဉ်းကပ်တံတားပေ ၂၀၊ လူသွားလမ်း တစ်ဖက်သုံးပေစီရှိပြီး ခံနိုင်ဝန်အားမှာ ယာဉ်တစ်စီးချင်း ၃၆ တန်ဖြစ်သည်။ တည်ဆောက်မှုကာလ လေးနှစ်ကျော်ရှိပြီး ၂၀၀၈ခုနှစ် ဖေဖော်ဝါရီလတွင် ဖွင့်လှစ်ခဲ့သည်။

ဉရုတံတား တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် ဦးစွာ ရရှိလာသော အကျိုးကျေးဇူးမှာ သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်း၏ သဘာဝအတားအဆီး တစ်ရပ်ကို အောင်မြင်စွာ ကျော်လွှားနိုင်ခြင်းပင် ဖြစ်သည်။

ရာသီမရွေးနေ့ရောညပါကူးသန်းသွားလာနိုင်သည့် အခြေအနေက ဆက်စပ်ဒေသများ၏ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်ဖြင့် တွန်းတင်ပေးလာနိုင်ခဲ့သည်။

ဒေသထွက်ကုန်များ လွယ်လင့်တကူ သယ်ယူဖောက်ကား ရောင်းဝယ်လာနိုင်သည်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အဝဝ၌ တိုးတက်ဖြစ်ထွန်းမှု အသစ်များကို ဆောင်ကြဉ်းလာနိုင်ခဲ့သည်။

ကြေးမုံသတင်းအဖွဲ့သည် ဉရုမြစ်ကူးတံတားပေါ်မှ ဖြတ်သန်းကာ နောင်ပိုအောင် စံပြကျေးရွာဆီသို့ ရောက်ရှိခဲ့သည်။

နောင်ပိုအောင်စံပြကျေးရွာသည် ဉရုမြစ်ကူးတံတားအခြေ၌ တည်ရှိပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်း အခြေခံ ရွာကလေးဖြစ်သည်။ တစ်ချိန်က ဟုမ္မလင်းမြို့နှင့် ဉရုမြစ်ခြားခဲ့သောရွာကလေးသည်ယခုအခါ မြေချင်းဆက်ခဲ့ပြီဖြစ်ကာ စီးပွားရေး အခွင့်အလမ်းများ ပွင့်လန်းလာခဲ့ပြီး ပိုမိုစည်ကား တိုးတက်လာခဲ့ပြီဖြစ်သည်။

စံပြကျေးရွာနှင့် လျော်ညီသည့် အခင်းအကျင်းများ ဖြစ်သည့် ကျေးလက်ဆေးပေးခန်း၊ ဆက်သွယ်ရေးစခန်း၊ ကျေးရွာရဲကင်း၊ ကျေးရွာစာကြည့်တိုက်တို့ အစီအရီဖြစ်ထွန်းနေသည်။

ဟုမ္မလင်း - နောင်ပိုအောင်-နန့်တော ကားလမ်းသည် ရွာလယ်မှ ဖြတ်သန်းသွားသည်။ ဤလမ်းပိုင်းတွင် ပြေးဆွဲမောင်းနှင်နေသော မော်တော်ယာဉ်များသည် ဉရုတံတားကို ရာသီမရွေး၊ နေ့ညမဟူ ဖြတ်သန်းကာ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ပေးနိုင်ပြီဖြစ်သည်။

ရာသီနှင့်အချိန် အကန့်အသတ်ရှိခဲ့သော အခြေအနေတို့သည် အတိတ်တွင် ကျန်ခဲ့ပေပြီ။

ကြေးမုံသတင်းအဖွဲ့သည်နောင်ပိုအောင်စံပြကျေးရွာဥက္ကဋ္ဌ ဦးသိန်းပို၊ အဖွဲ့ဝင် ဦးသိန်းလွင်နှင့် ရပ်မိရပ်ဖ ဦးခင်မောင်ဆွေတို့နှင့် တွေ့ဆုံခဲ့သည်။

ကျေးရွာဥက္ကဋ္ဌ ဦးသိန်းပိုက “ကျွန်တော်တို့ရွာက ဟုမ္မလင်းကိုအမှီအခိုပြုရတာပါ၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အစစပေါ့၊ ယခင်က ဉရုမြစ်ခြားနေတော့ လမ်းပန်းဆက်သွယ်မှု မလွယ်ကူခဲ့ပါဘူး၊ မိုးရာသီဆို အဆိုးရွားဆုံးပါပဲ၊ ရေစီးကြမ်းတမ်းတဲ့ဉရုမြစ်ဟာ အဓိက အတားအဆီးပါ၊ အခုတော့ ဒါတွေကိုကျော်လွှန်သွားပါပြီ၊ ဉရုတံတားကြီးဟာ အလွန်အကျိုးပြုပါတယ်။ ခုလိုပွင့်လင်းရာသီတွေမှာ ဟုမ္မလင်းကနေ နန့်တောအထိ ကားလမ်းပေါက်ပြီး လိုင်းကားတွေပြေးပါတယ်။ နန့်တောကတစ်ဆင့်ကချင်ပြည်နယ် ကာမိုင်းမြို့နယ်က ဆယ်ဇင်းရွာအထိ ကားလမ်းပေါက်ပါတယ်။

ဟုမ္မလင်း-ဖောင်းပြင် ကားလမ်းတိုက်ရိုက်ပေါက်တယ်။ ခန္တီးသွားချင်ရင်လည်း ဒီတံတားက ဖြတ်သွားအလွယ်လေးပဲ။ ဖောင်းပြင်နဲ့ မုံရွာကားသွားနိုင်တယ်၊ ကျွန်တော်တို့ရွာ ပိုစည်ကားလာတာဟာ ကားလမ်းပေါက်လို့ပါ၊ ကားလမ်း ပေါက်သွားရုံမက တံတားကြီးကြောင့် ဟုမ္မလင်းနှင့်တစ်ဆက်တစ်စပ်တည်းဖြစ်သွားတာလည်း အလွန်အရေးပါတဲ့အချက်ပါ”ဟုဆိုသည်။

ရပ်မိရပ်ဖ ဦးခင်မောင်ဆွေက “မိမိအနေဖြင့် မနက်ဖြန် နံနက်ပိုင်းတွင်ဟုမ္မလင်းလေဆိပ်တွင်ဧည့်သည်သွားကြိုရန်ရှိကြောင်း၊ ယခင်အခြေအနေတိုင်းဆိုပါကယနေ့ညဟုမ္မလင်းတွင်သွားအိပ်ပြီးမှ နံနက်စောစောလေယာဉ်အဆင်းတွင် ဧည့်ကြိုနိုင်မည်ဖြစ်ပြီး ယခုအခါတွင်တော့ ရွာမှာပဲညအိပ်ပြီးနံနက်ဝေလီဝေလင်းတွင် ထသွားကာ ဧည့်ကြိုနိုင်မည်ဖြစ်ကြောင်း၊ အဓိကပြောလိုသည်မှာ ဉရုမြစ်ကူးတံတားကြီး တည်ဆောက်ပြီးစီးသွား၍သာ မိမိတို့ ဤအခွင့်အရေးကို ခံစားရခြင်းဖြစ်ကြောင်း၊ အချိန်သက်သာပြီး ခရီးသွားရာတွင် လုံခြုံချောမွေ့လာခြင်းကို ပြောလိုရင်းဖြစ်ကြောင်း၊ မိမိတို့ကျေးရွာအုပ်စုတွင် ကျေးရွာခုနစ်ရွာရှိပြီး လူဦးရေ ၆၃၄၈ဦးရှိကြောင်း၊ ၎င်းတို့အားလုံးအတွက်လည်း ဤသို့ပင် အကျိုးရှိမည်ဖြစ်သလို ဉရုမြစ်ကမ်းအတွင်းပိုင်းရှိ အခြားကျေးရွာအုပ်စုများမှ ပြည်သူများအတွက်လည်း ဤနည်းအတိုင်းပင် ဖြစ်ကြောင်း” ကိုယ်တွေ့နှင့်ယှဉ်ကာ ပြောကြားသည်။

ကျေးရွာတာဝန်ရှိသူများနှင့်တွေ့ဆုံမေးမြန်းပြီးနောက် ကြေးမုံသတင်းအဖွဲ့သည် ရွာအတွင်းသို့လှည့်လည်ကြည့်ကြသည်။ ကိုယ့်အားကိုယ်ကိုးတိုက်နယ်ဆေးရုံ တည်ဆောက်ပြီးစီးမှုကိုမြင်တွေ့ရသည်။ နောင်ပိုအောင်အထက၏ ကျောင်းဆောင်သစ်တိုးချဲ့ဆောက်လုပ်မှုကိုလည်းလိုက်လံရှင်းလင်း ပြသ ခဲ့ကြသေးသည်။ ကျေးရွာသားတို့ စုစည်းညီညွတ်မှုကိုဂရုပြုမိပါသည်။ အဘက်ဘက်မှ ဖွံ့ဖြိုးလာသော ရွာကလေးပင်တည်း။

နေလည်း အတန်ညိုပြီဖြစ်၍ ကြေးမုံသတင်းအဖွဲ့သည် ရွာခံများကို နှုတ်ဆက်ကာ နောင်ပိုအောင်မှ ခွာခဲ့သည်။ ဉရုတံတားကြီးကြောင့် ဟုမ္မလင်းမြို့နှင့် မြေချင်းဆက်သွားသော စံပြရွာကလေး၏ သစ်လွင်သပ်ရပ်သော လူနေအိမ်ခြေများနှင့် စည်ကားလှသည့် ရွာလယ်ဈေးတန်းကိုဖြတ်ကာ အပြန်ခရီးစခဲ့သည်။ ကျေးရွာစာကြည့်တိုက်၊ ဆက်သွယ်ရေးစခန်းနှင့် ကျေးရွာရဲကင်းတို့အလွန်တွင် ဉရုတံတားကြီးကို မြင်ကွင်းတစ်မျိုးမှ မြင်လိုက်ရသည်။

ညနေခင်းကျနေ၏ ရွှေရောင်သန်းသော နေခြည်များပက်ဖျန်းမှုအောက်တွင် တံတားကြီးသည်လည်း ရွှေရောင်တောက်နေသည်။ အသွင်သဏ္ဌာန် လှသလောက် အနှစ်သာရပြည့်ဝလှသောတံတားကြီး၏အောက်တွင် တည်ငြိမ်စွာ စီးဆင်းနေသော ဉရုမြစ်ရေပြင်က မှန်ပြင်တစ်ချပ်ခင်းထားသလို ကြည်လင်စိမ်းမြလျက်။ ။

**ခရီးသွားလာမှု လုံခြုံချောမွေ့စေပြီး အချိန်သက်သာစေပါတယ်။**

*ဦးခင်မောင်ဆွေ*
*(နောင်ပိုအောင်ရွာ ရပ်မိရပ်ဖ)*



**မြစ်ကူး ကြိုးတံတား**

**ရာသီမရွေး အချိန်မရွေး ကူးလူးသွားလာနိုင်စေမည့် မြစ်ကူးကြိုးတံတားကို ဉရုမြစ်အတွင်းမှ တွေ့မြင်ရစဉ်။**



## (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်

(က) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး

(ခ) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်း ကာကွယ်ရေး

(ဂ) ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက် ဆန္ဒမဲဖြင့် အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး

(ဃ) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၈-၁၂-၂၀၀၈ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ကြီး၏ ဉပ္ပါတသန္တိပါဠိတော်
၇း၃၀ ၂။ နံနက်ခင်းသတင်း
၇း၄၀ ၃။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၄။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၈း၀၀ ၅။ တေးဂီတအစီအစဉ်
၈း၁၀ ၆။ အကပဒေသာ
၈း၂၀ ၇။ အတီးပြိုင်ပွဲ
၈း၃၀ ၈။ International News.
၈း၄၀ ၉။ **“ချောင်းကမ်းဘေးက ရွာကလေး” (တြိကို၊ထင်ပေါ်၊နွဲ့နွဲ့စန်း၊ မြင့်မြင့်ခိုင်၊သဇင်)**
**[ဒါရိုက်တာ-မြင့်စိုး(ဝ/သ)]**
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄း၂၀ ၃။ တေးဂီတအစီအစဉ်
၄း၃၅ ၄။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၄း၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၀ ၇။ **“ကျော်သွားမှာလား ဖော်စားမှာလား” (ခန့်စည်သူ၊ပုလဲဝင်း၊ သက်မွန်မြင့်၊ ဟေမာန်အောင်အောင်၊ မယ်လိုဒီ) (ဒါရိုက်တာ-အကယ်ဒမီ မလိခစိုးထိုက်အောင်)**
၅း၂၅ ၈။ တေးဂီတအစီအစဉ်
၅း၄၀ ၉။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇း၀၀ ၁၃။ တေးဂီတအစီအစဉ်
၇း၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ကုန်သွယ်မှုန်တိုင်း” (အပိုင်း-၃၅)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ပင်လယ်ပျော်မင်းသား” (အပိုင်း-၅၅)**
၁၉။ အစီအစဉ်ပြီး၏။

## ဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

၂၀၀၈ခုနှစ် (၄၁)ကြိမ်မြောက် ဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၃ရက် ညနေ ၃နာရီတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၌ ကျင်းပသည်။ ပြိုင်ပွဲကို ဒီဇင်ဘာ ၁၉ရက်အထိ ကျင်းပသွားမည် ဖြစ်ပြီး အားကစားအသင်း ခုနစ်သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။ (သတင်းစဉ်)




## အထက(၁)မုံရွာ အာစရိယပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

စစ်ကိုင်းတိုင်း မုံရွာမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌အသက်(၆၀)ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီး ၁၈၀ တို့အား (၂၂)ကြိမ်မြောက်အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၀ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် အဆိုပါကျောင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ရပ်ဝေး၊ ရပ်နီးမှ ဆရာကြီး၊ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်ဖိတ်ကြားထားကြောင်း သိရသည်။

အဆိုပါ အာစရိယပူဇော်ပွဲသို့ ဆက်သွယ်လှူဒါန်းလိုပါက ဦးကျော်နိုင် ဖုန်း - ၀၇၁-၂၂၇၂၂ လိုင်းခွဲ (၀၃၁)၊ ဦးမျိုးမြင့် ဖုန်း-၀၉၂၀ ၃၀၈၁၆၊ ဦးဝင်းဗိုလ် ဖုန်း-၀၇၁-၂၂၄၈၇၊ ဒေါ်ခင်ဆွေမြင့် (အထက်တန်းပြဆရာမ-အထက-၁) ဖုန်း-၀၇၁-၂၁၂၄၄ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ကချင်ပြည်နယ်အတွင်းရှိ ဘဏ္ဍာရေးနှင့်အခွန်ဆိုင်ရာရုံးများ ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၇

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးရုံးနှင့် ပြည်နယ်ဦးစီးဌာနမှူးရုံး၊ မြန်မာ့စီးပွားရေးဘဏ်(ပြည်နယ်ရုံးခွဲ)၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ၊ မြန်မာ့အာမခံလုပ်ငန်း ပြည်နယ်ရုံး၊ ပင်စင်ဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးနှင့် အကောက်ခွန်ဦးစီးဌာန မြစ်ကြီးနားမြို့နယ်ရုံးတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများကို မှာကြားသည်။**

ဝန်ကြီးသည် ဒီဇင်ဘာ ၁၄ ရက်တွင် မိုးကောင်းမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်၊ ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးရုံး၊ ဒီဇင်ဘာ ၁၅ ရက်တွင် မိုးညှင်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးနှင့် မြန်မာ့စီးပွားရေးဘဏ်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် သော်တာဝင်းဆောက်လုပ်ရေးကုမ္ပဏီက ထမ္ပနိုင်အထက်တန်းကျောင်းခွဲအတွက် ကျောင်းပိုင်အဖြစ် လှူဒါန်းသည့် C.D.M.A တယ်လီဖုန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



**ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ကမ္ဘာအေးစေတီလမ်းအား အကြီးစားပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (၁၉)

# ကော့မှူးမြို့နယ် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၁၇

**အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဒီဇင်ဘာ ၁၅ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် ထမ္ပနိုင်ကျေးရွာ အထက်တန်းကျောင်းခွဲရှိ ရာနှုန်းပြည့် ပြင်ဆင်ပြီးစီးနေသည့် စာသင်ဆောင်များ၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းခန်းမ၌ ရပ်မိရပ်ဖများ၊ ကျေးရွာသူကျေးရွာသားများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံသည်။**

ထို့နောက် ဝန်ကြီးသည် သော်တာဝင်းဆောက်လုပ်ရေးကုမ္ပဏီက ထမ္ပနိုင်အထက်တန်းကျောင်းခွဲအတွက် ကျောင်းပိုင်အဖြစ် လှူဒါန်းသည့် C.D.M.A တယ်လီဖုန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းမြင့်ထံ ပေးအပ်လှူဒါန်းပြီး ကျောင်းအတွက် အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့သည်။ (အား/ကာ)

# ယာဉ်သွားလာမှုလွယ်ကူစေရေး အကြီးစားပြုပြင်မှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း သည် အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုး၊ ကော်မတီဝင် ဦးညီညီနှင့် ဌာနမှူးများလိုက်ပါ၍ ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ယာဉ်သွားလမ်းများ ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန်သည် ကမ္ဘာအေးစေတီလမ်း ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် ရန်ကင်းမြို့နယ်ရှိ ဆီဒိုးနားဟိုတယ်ရှေ့နှင့် မရမ်းကုန်းမြို့နယ်ရှိ ကျိုက်ဝိုင်းဘုရားလမ်း ရှစ်မိုင်လမ်းဆုံအနီးတွင် လူအား၊ စက်ယန္တရားအားတို့ဖြင့် အကြီးစားပြုပြင်ထိန်းသိမ်းနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၁၉)

# ရန်ကုန်တိုင်း မိုးရာသီဘဏ်ချေးငွေများ ပြန်လည်ကောက်ခံရေး ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်ဘဏ်ခွဲများမှ တောင်သူလယ်သမားများသို့ စိုက်ပျိုးချိန်မီ ထုတ်ချေးပေးခဲ့သော မိုးရာသီဘဏ်ချေးငွေ ကျပ် ၇၃၉၇ ဒသမ ၄၈၈ သန်းကို ယခုသီးနှံပေါ်ချိန်မှစတင်၍ ပြန်လည်ကောက်ခံသွားရေး ညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်း တက်ရောက်၍ မိုးရာသီဘဏ်ချေးငွေများ အပြည့်အဝကောက်ခံရေးနှင့်စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးမှာကြားသည်။**(အောက်ပုံ)**

အခမ်းအနားသို့ မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)မှတိုင်းတာဝန်ခံများ၊ ရန်ကုန်တိုင်း မန်နေဂျာဦးဉာဏ်ဝင်း၊ မြို့နယ် မန်နေဂျာများနှင့် ကြီးကြပ်ရေးမှူးများ တက်ရောက်ကြပြီး မြို့နယ်အလိုက် သတ်မှတ်ရက်အတွင်း ပြေကျေရေးအတွက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို တင်ပြဆွေးနွေးကြသည်။

(၅၂၇)





**လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ကျောက်တံတားမြို့နယ် ဦးစီးဌာနမှူးရုံးတွင် ဆောင်ရွက်လျက်ရှိသော ပြည်တွင်းနေ နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် နှစ်စဉ်လဲလှယ်မှု အခွန်ငွေ ပေးဆောင်ခြင်းလုပ်ငန်းအား ဒီဇင်ဘာ ၁၆ ရက်က အနောက်ပိုင်းခရိုင် ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်ဦး ကြီးကြပ်စစ်ဆေး ဆောင်ရွက်စဉ်။**

(လူဝင်မှုကြီးကြပ်ရေး)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၈-၁၂-၂၀၀၈ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြား သတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၁၁။ | အပိတ်နှုတ်ဆက်စကား |
| ၈း၁၆ | ၁၂။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၄း၂၀ | ၄။ | အမျိုးသားရေးတေးကဗျာ |
| ၄း၃၅ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၄း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၅း၁၀ | ၇။ | မြတ်နိုးကြစေ အမျိုးသားအမွေ |
| ၅း၂၀ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၁။ | အမျိုးသားရေးတေးကဗျာ |
| ၆း၂၅ | ၁၂။ | **ကာတွန်းအစီအစဉ်** -လူစွမ်းကောင်းလေးလူဆာ |
| ၆း၄၅ | ၁၃။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၇း၀၀ | ၁၄။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **-သံယောဇဉ်နှောင်ကြိုး** အပိုင်း(၃၃) |
| ၈း၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | မိုးလေဝသသတင်း |
| | ၁၇။ | အမျိုးသားရေးတေးကဗျာ |
| | ၁၈။ | အနုပညာရှင်၏ တစ်နေ့တာ |
| | ၁၉။ | ကုန်သွယ်သုတ |
| | ၂၀။ | မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ |
| | ၂၁။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၂။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -နှလုံးသားအလှသစ္စာတရား အပိုင်း(၆)** |
| | ၂၃။ | သင့်အတွက်မနက်ဖြန် |
| | ၂၄။ | အပိတ်နှုတ်ဆက်စကား |
| | ၂၅။ | ပြီးပါပြီ။ |

# ပခုက္ကူမြို့ အထက(၃) ငွေရတုသဘင်နှင့် ဆရာကန်တော့ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ပခုက္ကူမြို့ အထက(၃)၏ (၂၅)နှစ်ပြည့် ငွေရတုသဘင်နှင့် ကျောင်းသား၊ကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် သက်ပြည့်အငြိမ်းစားဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက် (အင်္ဂါနေ့) နံနက် ၉နာရီတွင် အထက(၃)ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ရပ်ဝေးရပ်နီးမှကျောင်းသား၊ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ပခုက္ကူမြို့ ကိုကျော့ရှင်း ဖုန်း-၀၉-၂၃၀၁၂၀၄၊ ကိုကျော်နိုင် ဖုန်း-၀၉-၂၃၀၀၄၇၆၊ ကိုစောဝင်းနောင် ဖုန်း-၀၉-၂၃၀၁၄၁၇၊ ကိုမြတ်မင်းဆွေ ဖုန်း-၀၉-၂၃၀၀၅၃၁ တို့နှင့် ရန်ကုန်မြို့ ကိုခိုင်ဝင်းကြည် ဖုန်း-၀၉-၅၀၅၂၁၀၆ နှင့် ကိုစိုးလွင်မြင့် ဖုန်း-၀၁-၆၄၀၀၁၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)



## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် (ကျောက်ပြား)များအားလှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုရသကဲ့သို့ နေပြည်တော်တွင်လည်း ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ရွှေတိဂုံပုံစံတူ ဉာဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား တည်ထားပူဇော်လျက်ရှိပါသည်။

မြန်မာသက္ကရာဇ် (၁၃၇၀)ပြည့်နှစ် တပေါင်းပွဲတော်တွင်ကျင်းပမည့် ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော်ဆက်ကပ်မည့် အခမ်းအနားကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပြီးစီးမည့် အချိန်နှင့်ကိုက်ညှိပြီး နေပြည်တော်၌ ကျင်းပမည်ဖြစ်ပါသည်။

**လှူဒါန်းနိုင်**

စေတီတော်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| (၁) ရွှေပြား(၁ပေ×၁ပေ) | ၂၉၆၄ ချပ် | ၁ ချပ် | ၁၆၂၀၀၀၀/- ကျပ် |
| (၂) ကျောက်ပြား(မာဘယ်) (၂ပေ×၂ပေ) | ၂၂၈၁၉ ချပ် | ၁ ချပ် | ၂၂၀၀၀/- ကျပ် |
| (၃) စကျင်ကျောက်(၂ပေ×၂ပေ) | ၁၀၀၈၈၉ ချပ် | ၁ ချပ် | ၁၃၀၀၀/- ကျပ် |
| (၄) မြစ်သားကျောက်(၂ပေ×၂ပေ) | ၂၄၇၈၆ ချပ် | ၁ ချပ် | ၁၃၀၀၀/- ကျပ် |

**ဆက်သွယ်နိုင်**

လှူဒါန်းလိုသူများသည် "ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ" အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

**ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ**

## နတ်မောက်စက်မှု အထက အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရန်ကုန်မြို့ နတ်မောက်လမ်းရှိ စက်မှုလက်မှု အထက်တန်းကျောင်း အမှတ်(၁)တွင် ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၉ခုနှစ် မတ် ၁ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ ဒီဇင်ဘာ ၂၈ရက် မွန်းလွဲ ၁ နာရီတွင် အဆိုပါဓမ္မာရုံ၌ ကျင်းပမည့် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေး ညှိနှိုင်းအစည်းအဝေးသို့ ကျောင်းသားဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေထည့်ဝင်လိုပါက ဦးလှထွန်း ဖုန်း -၀၉-၈၀၂၂၉၅၆၊ ဦးတင်မြင့် ဖုန်း -၀၉-၂၄၅၀၄၆၁၊ ဦးနေလင်း ဖုန်း-၀၉-၅၀၂၇၄၄၉၊ ဦးဝင်းတင် ဖုန်း-၀၁-၅၆၃၆၉၈၊ ဦးစိုးဝင်း ဖုန်း-၀၉-၅၀၇၁၈၀၇၊ ဦးမြင့်ဟန် ဖုန်း-၀၁-၅၃၅၀၅၀၊ ဦးဘသိန်း ဖုန်း-၀၁-၃၉၁၇၄၀၊ ဦးသန်းဆွေ ဖုန်း-၀၉-၅၀၁၂၇၂၈၊ ဦးသိန်းဝေ ဖုန်း-၀၁-၅၁၂၉၁၈၊ ဦးလှတင် ဖုန်း-၀၉-၅၁၀၉၆၆၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၅၆၁)

## တစ်ပြည်လုံးတွင် သာယာမည်

ရန်ကုန် ဒီဇင်ဘာ ၁၇

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ရှမ်းပြည်နယ်၊ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ချင်းပြည်နယ်တွင် ဒီဇင်ဘာလ၏ပျမ်းမျှအပူချိန်တို့အောက် ၆ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၄ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသ များတွင် ဒီဇင်ဘာလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင်(-၂)ဒီဂရီစင်တီဂရိတ်နှင့် လွိုင်လင်မြို့တွင် ၂ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**ဒီဇင်ဘာ ၁၈ရက် ညနေထိ ခန့်မှန်းချက်။** ။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ တစ်ပြည်လုံးတွင် သာယာမည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

| | |
|---|---|
| ၃၂ဒသမ ၄ဒီဂရီစင်တီဂရိတ်(၉၀ ဒီဂရီဖာရင်ဟိုက်) | ၁၆-၁၂-၂၀၀၈ |

**အနိမ့်ဆုံးအပူချိန်**

| | |
|---|---|
| ၁၆ဒသမ ၈ဒီဂရီစင်တီဂရိတ်(၆၂ ဒီဂရီဖာရင်ဟိုက်) | ၁၇-၁၂-၂၀၀၈ |
| ၉း၃၀နာရီအချိန် စိုထိုင်းဆ ၇၅ရာခိုင်နှုန်း | ၁၇-၁၂-၂၀၀၈ |
| နေပူသည့်နာရီပေါင်း ၈ဒသမ ၀နာရီခန့် | ၁၆-၁၂-၂၀၀၈ |

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၁၇-၁၂-၂၀၀၈ | မရှိပါ | မရှိပါ | မရှိပါ |
| ၁-၁-၂၀၀၈မှ ယနေ့အထိ | ၂၈၀၂မမ (၁၁၀ဒသမ ၃၁လက်မ) | ၃၀၇၂မမ (၁၂၀ဒသမ ၉၅လက်မ) | ၃၅၈၀မမ (၁၄၀ဒသမ ၉၄လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၆-၁၂-၂၀၀၈ရက် ၁၄း၃၀နာရီတွင် အရှေ့မြောက်ဘက်မှ တစ်နာရီ လေးမိုင်နှုန်း တိုက်ခတ်သည်။

## အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရေး အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရန်ကုန်စက်မှုတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့၌ အချိန်ပြည့် အချိန်ပိုင်း တာဝန်ထမ်းဆောင်ခဲ့ကြသော ပြည်တွင်းပြည်ပ ဆရာကြီး၊ ဆရာမကြီးများအား မြို့ပြအင်ဂျင်နီယာဘွဲ့ရ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရေးအတွက် အလှူငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၁၃ရက်တွင် ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီမှ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း စာကြည့်တိုက်ရန်ပုံငွေအတွက် လှူဒါန်းငွေကျပ် နှစ်သိန်းကို ဥက္ကဋ္ဌ ဦးအုန်းကျော်၊ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် အလုပ်အမှုဆောင် ဦးဝင်းနိုင်တို့က ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ၁၉၉၅ ခုနှစ် ဇန်နဝါရီ မြို့ပြအင်ဂျင်နီယာဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများက တတိယအကြိမ် လှူဒါန်းငွေကျပ် ၁၁ သိန်းကို ဦးမြတ်ခိုင်ဆွေ၊ ဒေါ်အောင်မေဦးနှင့် ဒေါ်ခင်သီတာတို့က ကျောင်းသား၊ ကျောင်းသူများကိုယ်စား လည်းကောင်း၊ ၁၉၈၂ ခုနှစ် မြို့ပြအင်ဂျင်နီယာဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများကိုယ်စား ဒေါ်မာလာဆွေ၊ ဒေါ်သင်းသင်းချို၊ ဒေါ်နှင်းနွယ်အေးနှင့် ဒေါ်သန်းသန်းဝင်းတို့က ငွေကျပ် ငါးသိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**




(ကြေးမုံ)

## စုံစမ်းဖော်ထုတ်ခဲ့သည့် လုယက်မှု/ခိုးမှုများမှ သိမ်းဆည်းရရှိသော သက်သေခံပစ္စည်းများအား ပိုင်ရှင်များသို့ ပြန်လည်ပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရန်ကုန်တိုင်းအတွင်း ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး၊ ဒုစရိုက်နှိမ်နင်းရေးဌာနစု နှင့် မှုခင်းအကူဌာနစုတို့မှ စုံစမ်းဖော်ထုတ်ခဲ့သည့် လုယက်မှု/ခိုးမှုများမှ သိမ်းဆည်းရရှိသော သက်သေခံပစ္စည်းများအား ပိုင်ရှင်များသို့ ပြန်လည်ပေးအပ်သည့် အခမ်းအနားကို ဒီဇင်ဘာ ၁၅ရက်မွန်းလွဲ ၂နာရီတွင် ကျောက်တံတားမြို့နယ်၊ ဘဏ်လမ်းရှိ ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးသိန်းဝင်းက ရန်ကုန်တိုင်းရဲတပ်ဖွဲ့က စုံစမ်းဖော်ထုတ်ခဲ့သည့် ဗဟန်းမြို့နယ် ရွှေဂုံတိုင်ရပ်ကွက်၊ ယုဇနတာဝါ၊ (၁၃)ထပ်ရှိ Myanmar Wood Mart Co.,Ltd.မှ ငွေကျပ်သိန်း ၃၆၀ လုယက်မှုနှင့် သန်လျင်မြို့နယ် မြို့မတောင်ရပ်ကွက်ရှိ ဦးငွေထွန်းနေအိမ်မှ အခေါက်ရွှေ/ငွေပစ္စည်းများ ကျပ် ၃၃၁ သိန်းဖိုး ခိုးယူခံရသောအမှုများမှ တရားခံများ ဖော်ထုတ်ပြီး သက်သေခံပစ္စည်းများ ပြန်လည်သိမ်းဆည်းနိုင်မှုတို့ကို ရှင်းလင်းပြောကြားသည်။

**ပြန်လည်ပေးအပ်**

ဆက်လက်၍ သိမ်းဆည်းရရှိပစ္စည်းများကို ပိုင်ရှင်တစ်ဦးချင်းထံသို့ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမောင်မောင် **(အောက်ပုံ)**တို့က ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




### နည်းပြပေါလ်အင့်စ် ထုတ်ပယ်ခံရ နည်းပြသစ်အဖြစ် ဆောင်းနက်ရေပန်းစား

**လန်ဒန် ဒီဇင်ဘာ ၁၇**

မန်ယူ ကစားသမားဟောင်း ဘလက်ဘန်းနည်းပြဖြစ်သူ ပေါလ်အင့်စ်မှာ နည်းပြရာထူးမှ ထုတ်ပယ်ခံလိုက်ရပြီဖြစ်ကြောင်း The Sun သတင်းစာက ယနေ့တွင် ဖော်ပြထားသည်။ ယခုနှစ် ဘောလုံးရာသီတွင်မှ ဘလက်ဘန်းအသင်းအား စတင်ကိုင်တွယ်ခဲ့သည့် ပေါလ်အင့်စ်သည် အသင်းအားကိုင်တွယ်ခဲ့သည့် ပရီမီယာလိဂ် ၁၇ပွဲတွင် သုံးပွဲသာ အနိုင်ရအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ သို့အတွက်ကြောင့် အသင်းမှာ လက်ရှိအချိန် ပွဲစဉ်(၁၇)အပြီးတွင် ရမှတ် ၁၃ မှတ်ဖြင့် အဆင့် ၁၉သို့ ရောက်ရှိနေသည်။



**နည်းပြရာထူးမှ ထုတ်ပယ်ခံလိုက်ရသည့် ပေါလ်အင့်စ်။**



**ဘလက်ဘန်း နည်းပြဖြစ်ရန် ရေပန်းအစားဆုံး ဖြစ်နေသည့် ဂရေမီဆောင်းနက်။**

"ကလပ်ဘုတ်အဖွဲ့ အနေဖြင့် ဤသို့ပြုလုပ်ရခြင်းမှာ အလွန်ဝမ်းနည်းမိကြောင်း၊ ဘုတ်အဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ ဖြစ်ကြောင်း၊ ပေါလ်အင့်စ်အား အသင်းအောင်မြင်ရေးအတွက် ခန့်အပ်ခြင်းဖြစ်သော်လည်း ခွင့်မလွှတ်နိုင်လောက်အောင် ရလဒ်များ ဆိုးရွားခဲ့၍သာ ထုတ်ပယ်လိုက်ရခြင်းဖြစ်ကြောင်း၊ လာမည့်စနေနေ့ စတုတ်စီးတီးနှင့် ပွဲမတိုင်မီ နည်းပြသစ်ရွေးချယ် ခန့်အပ်သွားမည်ဖြစ်ကြောင်း" ဘလက်ဘန်းဘုတ်အဖွဲ့က ပြောကြားခဲ့သည်။

ထုတ်ပယ်လိုက်သည့် ပေါလ်အင့်စ် နေရာတွင် နယူးကာဆယ်နည်းပြဟောင်း ဂရေမီဆောင်းနက်မှာ ရေပန်းအစားဆုံးဖြစ်နေပြီး ၎င်းမှာ ဘော်လ်တန်နှင့် နယူးကာဆယ် နည်းပြဟောင်း တစ်ဦးဖြစ်သူ ဆမ်အလာဒိုက်နှင့် အဓိကယှဉ်ပြိုင်ရမည်ဖြစ်သည်။



**ပို့စ်မောက်နှင့်အာဆင်နယ် အရန်အသင်းအချင်းချင်း ကစားသည့်ပွဲတွင် ဒုတိယပိုင်း၌ လူစားဝင်ရောက်ကစားခဲ့သည့် ဒါဆေးဗား (လယ်) အားတွေ့ရစဉ်။**

### အာဆင်နယ်အတွက် ဒါဆေးဗားပြန်လာပြီ

ယမန်နှစ် ဘောလုံးရာသီတွင် ခြေထောက် တစ်ချောင်းသွင်သွင် ကျိုးသွားခဲ့သည့် ဘရာဇီးနိုင်ငံသား အာဆင်နယ်တိုက်စစ်မှူး ဒါဆေးဗားမှာ ရက်ပေါင်း ၂၉၈ရက်ကြာ အနားယူနေခဲ့ရာမှ ပြန်လည်သန်စွမ်းလာပြီဖြစ်သည်။ ဒါဆေးဗားမှာ ယမန်နေ့ညက ပို့စ်မောက်နှင့် အာဆင်နယ် အရန်အသင်း အချင်းချင်းကစားခဲ့သည့်ပွဲတွင် ဒုတိယပိုင်း၌ လူစားဝင်ကစားသွားခဲ့သည်။ အာဆင်နယ်တိုက်စစ်မှူး ဒါဆေးဗားက "လက်ရှိအချိန်မှာ မိမိဟာ ပိုကောင်းလာတယ်လို့ ခံစားရကြောင်း၊ ဒဏ်ရာက သက်သာပြီး အာဆင်နယ်နှင့်အတူ ပြန်ကစားနိုင်ပြီ ဖြစ်တာကြောင့် အရမ်းကို ပျော်ရွှင်မိကြောင်း၊ မိမိ ခြေထောက်မှာ ခံစားရမှု အနည်းငယ်ရှိနေသေးသော်လည်း နှစ်ပတ်အတွင်း လုံးဝပျောက်ကင်းသွားမည်ဟု ယုံကြည်ကြောင်း" ဒေးလီးမေးလ် သတင်းစာသို့ ပြောကြားသွားခဲ့သည်။

***အင်တာနက်။***

**ဝင်းတင်(ကြေးမုံ)**

# တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းနှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း

## ဥသျှစ်ပင်-ကံမ ရထားလမ်းဖောက်လုပ်မှု ကြည့်ရှုစစ်ဆေး



ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ ဥသျှစ်ပင်-ကံမ ရထားလမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(ရထား)

နေပြည်တော် ဒီဇင်ဘာ ၁၇

**ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းသည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဒုတိယဝန်ကြီး ဦးဖေသန်းတို့နှင့်အတူ ဒီဇင်ဘာ ၁၅ ရက်တွင် ဥသျှစ်ပင်-ကံမ ရထားလမ်းဖောက်လုပ်ရေး လုပ်ငန်းခွင်ရှိ ဘုရားပေါ်ဘူတာသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ မြန်မာ့မီးရထားမှ ဥသျှစ်ပင်-ကံမ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာ ဦးမျိုးဝင်းက ဘူတာယာဒ်ဝင်း တည်ဆောက်မှု၊ ခရီးသည် နားနေဆောင်၊ ပါဆယ်ဂိုဒေါင် ဆောက်လုပ်နေမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များကို ဖြည့်ဆည်းပေးကြသည်။**

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ၁၇ ဒသမ ၄ မိုင်တွင် စက်ယန္တရားဖြင့် **စာမျက်နှာ ၉ ကော်လံ ၁ သို့**

### စပါးသီးနှံ အလေအလွင့်မရှိစေရေး နှိုးဆော်ချက်

၁။ စပါးအလေအလွင့်မရှိစေရန် မောင်းညိုချိန်တွင် ရိတ်သိမ်းပါ။
၂။ ရိတ်သိမ်းပြီးကောက်လှိုင်းများကို တလင်းပျောက်စနစ် ကျင့်သုံး၍ ချက်ချင်းခြွေလှေ့ပါ။ ဖြစ်နိုင်ပါက စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ပါ။
၃။ ခြွေလှေ့ပြီးစပါးများကို နေလှန်း၍ အမိုးအကာအောက် အမြန်ရောက်ရှိအောင် ဆောင်ရွက်ပါ။
၄။ ရိတ်-ခြွေ-သိမ်းလုပ်ငန်းများကို ဆက်တိုက်မဆောင်ရွက်ပါက တစ်ကေလျှင် အနည်းဆုံး စပါးသုံးတင်း လေလွင့်ဆုံးရှုံးနိုင်သည်။ တစ်နိုင်ငံလုံးရှိ မိုးစပါးစိုက်ကေ ၁၇ သန်းမှ စပါးတင်းသန်းပေါင်း ၅၁ သန်း လေလွင့်ဆုံးရှုံးနိုင်သည်။ ၎င်းလေလွင့်စပါး ပမာဏသည် လူဦးရေ ၃ ဒသမ၄ သန်း တစ်နှစ်စာ စားသုံးနိုင်သည်။ ၎င်းအပြင် ထွက်ရှိလာသောဆန်များ ဆန်အရည်အသွေးညံ့ဖျင်းခြင်း၊ ဆန်အကျိုးအကြေများခြင်းများလည်း ဖြစ်ပေါ်စေပါသည်။
၅။ သို့ပါ၍ ရိတ်-ခြွေ-သိမ်း လုပ်ငန်းစဉ်များအတိုင်း လိုက်နာကြပါရန် ထပ်လောင်းအသိပေး နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

**လောင်စာတွေကိုရှင်း**
**မီးဘေးအန္တရာယ်ကင်း**

# သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းမှ ဥရုမြစ်ကူးတံတား

**သတင်းဆောင်းပါး-ဇော်ဝင်း(ကြေးမုံ)၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

**ခန္တီးမြို့မှ အမြန်ရေယာဉ်ဖြင့် ချင်းတွင်းမြစ်ကိုစုန်ခဲ့သော ကြေးမုံသတင်းအဖွဲ့သည် နိုဝင်ဘာ ၂၂ ရက်တွင် ဟုမ္မလင်းမြို့၌ ခရီးတစ်ထောက် နားခဲ့ကြသည်။ စစ်ကိုင်းတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်းအဖုံဖုံကို သတင်းမှတ်တမ်း ရေးသားခြင်းခရီးစဉ်တွင် ဟုမ္မလင်းမြို့သို့ ဒုတိယအကြိမ်ရောက်ရှိခဲ့ခြင်းဖြစ်သည်။**

ချင်းတွင်းအဆန် ခရီးစဉ်တွင် မရောက်ဖြစ်ခဲ့သေးသည့် ဟုမ္မလင်းမြို့နယ် နောင်ပိုအောင်စံပြကျေးရွာနှင့် သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းပေါ်မှ ဥရုမြစ်ကူးတံတားကို သတင်းမှတ်တမ်းတင်ရန်အတွက်ပင်။

နိုဝင်ဘာ ၂၃ ရက် နံနက် နေထွက်တပြူတွင် ခရီးစဉ်စခဲ့သည်။ နံနက် ၆ နာရီခွဲပြီဖြစ်သော်လည်း ဟုမ္မလင်းမြို့မှာ တိတ်ဆိတ်ငြိမ်သက်ဆဲ။ အေးမြသောလေနှင့် တိုက်ရိုက်ထိတွေ့ပြီး စိမ်းသောတော၊ ဝါသောလယ်တို့ကို တရိပ်ရိပ်ဖြတ်သန်းကာ ကြေးမုံသတင်းအဖွဲ့ပါ မော်တော်ဆိုင်ကယ်ခရီးသည်များ သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းပေါ် ရောက်ခဲ့ကြသည်။

၁၈ မိုင်ကွာဝေးသည့် ဟုမ္မလင်း-နောင်ပိုအောင် ခရီးသည် အတက်အဆင်းနှင့် အကွေ့အဝိုက်များကို တစ်နာရီကျော် ဖြတ်သန်းခဲ့ရသည်။ နံနက် ၇ နာရီခွဲတွင် ဥရုမြစ်အနားကို ချဉ်းကပ်မိကြသည်။ ဝင်းလဲ့သောနေခြည်အောက်မှ တစ်ပြန့်တစ်ပြော တည်ရှိနေသည့် စပါးခင်းများ၏အလွန်၌ ဥရုမြစ်ကူးတံတားချဉ်းကပ်လမ်းကို လှမ်းမြင်လိုက်ရသည်။ ထိုမှတစ်ဆင့် မြင့်မြင့်မားမားတည်ရှိနေသည့် ကြိုးတံတားတိုင်များနှင့် ရှည်လျားခံ့ညားသည့် ဥရုတံတားကို ပီပီပြင်ပြင် တွေ့ခဲ့ရပြီဖြစ်သည်။

သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းတွင် ဥရုမြစ်မှာ ထင်ရှားသော သဘာဝ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖



သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းပေါ်မှ ဥရုမြစ်ကူးသံမဏိသံပေါင် ကြိုးတံတားကို ဖောင်းပြင်ဘက်ကမ်းမှ ဤသို့တွေ့မြင်ရစဉ်။